# မြန်မာ့အလင်း


၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၁၆၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆






**စက်ခလုတ်နှိပ် ဖွင့်လှစ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲ အထိမ်းအမှတ် မှန်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# မြန်မာ့ရုပ်ရှင်လောကကြီး ပြန်လည်သက်ဝင်လှုပ်ရှားရေး

၂၀၁၉၊ ၂၀၂၀ နှင့် ၂၀၂၂ ခုနှစ်တို့အတွက် သုံးနှစ်စာ စုပေါင်းကာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၀ ရက်က ရန်ကုန်မြို့ ရုပ်ရှင်မြှင့်တင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် “မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ခြင်းထက် မြန်မာ့ရုပ်ရှင်လောကကြီး စင်မြင့်ပေါ် ပြန်လည်ရောက်ရှိရန် အရေးကြီးကြောင်း၊ ရုပ်ရှင်လောကကြီး ပြန်လည်အသက်ဝင်လှုပ်ရှားရန် အချိန်အခါရောက်ပြီဖြစ်ကြောင်း။” ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပေါ်ထွက်လာခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါက လူသားတို့၏ အသက်နှင့်ခန္ဓာ ကျန်းမာရေးကိုသာမက အခြားသော ကဏ္ဍများစွာတို့တွင်ပါ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ရာတွင် ကမ္ဘာတစ်ခွင်မှ ရုပ်ရှင်လုပ်ငန်းများလည်း ပါဝင်သည်။ ကိုဗစ် - ၁၉ ကို အကြောင်းပြု၍ ရုပ်ရှင်ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ပြသခြင်းလုပ်ငန်းများ ရပ်နားခဲ့ရသည့်အတွက် ရုပ်ရှင်လုပ်ငန်း (Film Industry) တွင် တန္ဒယ်ငင် တစင်ပါသူများအားလုံး ထိခိုက်ခံစားကြရသည်။ ကိုဗစ်-၁၉ ကာလမတိုင်မီ မြန်မာ့ရုပ်ရှင်သည် သွေးသစ်လောင်း တစ်ခေတ်ဆန်းပြောင်းလဲမည့် အရိပ်အဆင်များ ဖြစ်ပေါ်နေခဲ့သည်ကို တွေ့မြင်ခဲ့ကြရပြီး မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့လာခြင်းနှင့် နိုင်ငံရေးအခြေအနေ အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့ခြင်းတို့က မြန်မာ့ရုပ်ရှင်လောကကို “မိအေးနှစ်ခါနာ”ရသည့်အဖြစ်မျိုးနှင့် တွေ့ကြုံစေခဲ့သည်။

ရုပ်ရှင်၊ သဘင်၊ ဂီတတို့ကို ပါဝါအပျော့ (Soft Power) အဖြစ် ရည်ညွှန်းရာတွင် ရုပ်ရှင်က အစွမ်းအထက်ဆုံးဖြစ်သည်။ ရုပ်ရှင်အနုပညာ၊ အတတ်ပညာသည် လူသားတို့အတွက် စိတ်အပန်းပြေစေခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ဩဇာလွှမ်းမိုးနိုင်သည့် အစွမ်းသတ္တိလည်းရှိသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတို့က ၎င်းတို့၏ကုန်ပစ္စည်းများ၊ ကုန်အမှတ်တံဆိပ်များ၊ ၎င်းတို့ထုတ်လုပ်သည့် လက်နက်များ၊ ၎င်းတို့၏ အတွေးအခေါ်အယူအဆများ၊ ဝါဒသဘောတရားများ၊ ၎င်းတို့၏ ယဉ်ကျေးမှုများ စသည်တို့ကို အခြားကမ္ဘာ့နိုင်ငံများက သိလာအောင်၊ ယဉ်ပါးလာအောင်၊ လက်ခံလာအောင် ရုပ်ရှင်ကို ကောင်းစွာအသုံးချကြသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ရုပ်ရှင်အများဆုံးထုတ်လုပ်သော အိန္ဒိယနိုင်ငံ၏ Film Industry မှာ ဘောလိဝုဒ်ဟု တင်စားခေါ်ဝေါ်ကြရသည်။ နိုင်ငံခြားငွေအမြောက်အမြား ရှာဖွေပေးနိုင်သော လုပ်ငန်းဖြစ်သည့်အပြင် ၎င်းတို့၏ ပြည်တွင်း၌လည်း လူမှုပြုပြင်ပြောင်းလဲရေး၊ အသိပညာပေးရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်မြင့်မားရေးတို့အတွက် ပါဝါအပျော့နည်းလမ်းများဖြင့် ဆောင်ရွက်နေသည်ကို အိန္ဒိယရုပ်ရှင်ကားများ၌ တွေ့မြင်နိုင်သည်။

ဇာတိသွေး ဇာတိမာန်နှင့် တီထွင်ကြံဆမှုတို့ဖြင့် စတင်မွေးဖွားလာခဲ့သည့် မြန်မာ့ရုပ်ရှင်၏ သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ ကျော်လွန်လာခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်လောကကြီး စင်မြင့်ပေါ်သို့ ပြန်လည်ရောက်ရှိလာရန်အတွက် ရုပ်ရှင်လောကသားတို့အနေဖြင့် မြန်မာ့ရုပ်ရှင်၏အစတွင် မျိုးစေ့ချခဲ့သည့် မြန်မာဟူသော စိတ်ဓာတ်နှင့် ထိုးထွင်းတီထွင်ကြံဆမှုတို့ကို မပျောက်မပျက် ဆက်လက်သယ်ဆောင်နိုင်ကြရန်၊ ပြည်တွင်းအတွက်သာမက နိုင်ငံတကာဈေးကွက်သို့ပါ တင်ပို့နိုင်ရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံ၊ ပိုမိုထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ရုပ်ရှင်လောကကြီး ပြန်လည်သက်ဝင်လှုပ်ရှားလာရေးအတွက် ရုပ်ရှင်လောကသားအားလုံးက မှန်ကန်သော အတွေးအခေါ်၊ စည်းလုံးညီညွတ်သော အင်အားတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။



## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ✰ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ✰ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ✰ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ✰ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပဲခူးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်




ပဲခူး မတ် ၁၁

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား နိုင်ငံကျော် အဆိုတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ (ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးမြို့၌ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ယခင်နှစ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်၍ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပေးထားပြီး ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်သူများ စိတ်အမော ပြေနိုင်စေရေးနှင့် စုစည်းပေါင်းစု ပျော်ရွှင်မှုဆိုသည့် မိသားစု အသွင်သဏ္ဌာန်ဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သင်္ကြန်အကျနေ့မှစ၍ သင်္ကြန်အကြတ်နေ့အထိ ဖျော်ဖြေရေးဇာတ်ပိုမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခင်နှစ်အတိုင်း လမ်းလျှောက်သင်္ကြန်နှင့် ဌာနဆိုင်ရာ စတုဒိသာမဏ္ဍပ်များလည်း ထည့်သွင်းမည်ဖြစ်ကြောင်း၊ သင်္ကြန်နှင့် ယိမ်း ခွဲခြားမရသဖြင့် ရပ်ကွက်/ကျေးရွာများရှိ ပြည်သူများ သင်္ကြန်ယိမ်းယှဉ်ပြိုင်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ပြီး ထိုက်တန်စွာ ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်အတွက်လည်း ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးနှင့် ပတ်သက်၍လည်း အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဌာနဆိုင်ရာ ယိမ်းအဖွဲ့များ ပါဝင်ယှဉ်ပြိုင်သွားမည့် အခြေအနေများကို လည်းကောင်း၊ အစိုးရအဖွဲ့ အတွင်းရေးမှူးက ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကော်မတီများ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည့် အခြေအနေများကို အသီးသီး တင်ပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မုံရွာမြို့နယ်နှင့် မကွေးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်


နေပြည်တော် မတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကောရဗျကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၇ ဦးတို့ကို အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၆၂ ဦးတို့ကို အဆိုပါကျေးရွာရှိ ရတနာ့ဂုဏ်ရည်ကျောင်းတိုက်၌ လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**❍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး၊ မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး၊ ကူးစက်ရောဂါနှင့် မကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး၊ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ ပုံမှန်ကာကွယ်ဆေးများထိုးခြင်း၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေး စသည့်ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီပြီး သာတူညီမျှရှိသည့် ကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ်ဖြစ်လာစေရေး ဆောင်ရွက်**

◆ *ရှေ့ဖုံးမှ*

အဆင့်မြင့်အရာရှိကြီးများ၊ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအထိမ်းအမှတ်မှန်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအထိမ်းအမှတ်မှန်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲ ဒုတိယပိုင်းကို Plenary Hall ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကြီး"ကို **"အရည်အသွေး ရှေးရှုကျန်းမာရေး စောင့်ရှောက်မှု" "Quality Care in Medical Practice"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး နီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များမှာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းသင်ကြားရေးနှင့် ကုသရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာရေးကဏ္ဍနယ်ပယ်စုံမှ ပညာရှင်များပါဝင်ဆွေးနွေးစေခြင်းဖြင့် ခေတ်မီဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ပတ်သက်၍ သိရှိနားလည်နိုင်စေရန်၊ ဆေးနှင့် ဆေးနီးနွယ်ပညာရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုစိတ်များ ဖြစ်ထွန်းစေရန်၊ ပြည်သူလူထုအား အရည်အသွေး ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးရာတွင် အထောက်အကူပြုနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌတို့ မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအထိမ်းအမှတ်မှန်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးမှ ပြည်သူအပေါင်း၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ကြီးမားစွာ ရိုက်ခတ်စေခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးနှင့် အဆိုပါရောဂါဆိုးကြောင့် ပေါ်ပေါက်လာခဲ့သည့် လူမှုရေး၊ စီးပွားရေး နောက်ဆက်တွဲ ဆိုးကျိုးများကို ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် မိမိကိုယ်တိုင်ဦးဆောင်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားပညာရှင်များ အပါအဝင် ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ နိုင်ငံအတွင်းရှိ စေတနာရှင်ပရဟိတအဖွဲ့အစည်းများ၏ စွမ်းအားကို အခြေခံပြီး မိတ်ဆွေနိုင်ငံများ၏ ပံ့ပိုးကူညီမှုများ၊ တိုင်းရင်းသားပြည်သူအပေါင်း၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးမှုများနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကို အခြေအနေတစ်ရပ်အထိ ထိထိရောက်ရောက် အောင်အောင်မြင်မြင် ထိန်းချုပ်၊ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ ပင်ဖြစ်ပါကြောင်း။

ထို့အတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူ၊ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အဆိုပါအောင်မြင်မှုကို နမူနာယူပြီး တိုင်းရင်းသားပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခြားကျန်းမာရေးပြဿနာများကိုလည်း မိမိတို့နိုင်ငံတွင်းရှိ စုပေါင်းအင်အားဖြင့် ဖြေရှင်းဆောင်ရွက်ပြီး အောင်မြင်စွာကျော်လွှားနိုင်ကြမည်ဟု ယုံကြည်မိပါကြောင်း။

**နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးကိုရှေးရှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ်ကြီး (၅) ရပ်ကို နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးကိုရှေးရှုပြီး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်ကာလ နှစ်နှစ်အတွင်းတွင် ရှေ့လုပ်ငန်းစဉ်အမှတ်(၂) အနေဖြင့် **"လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက်ဆောင်ရွက်သွားမည်"** ဆိုသည့် ဦးတည်ချက်နှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း ဆက်လက်တာဝန်ယူမည့် ကာလအတွက် ဦးတည်ချက်မှာ **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်"** ဟု ပြောင်းလဲချမှတ်ထားပြီး ကျန်းမာရေးကဏ္ဍအတွက် အားလုံးခြုံငုံပါဝင်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄) ရပ်တို့နှင့်အညီ ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်

**❑ ယနေ့ကျင်းပသည့် ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးမှရရှိသည့် ပညာရပ်ဆိုင်ရာအတွေ့အကြုံ၊ ဗဟုသုတများ၊ နည်းပညာသစ်များကို သေချာစွာ ဆန်းစစ်လေ့လာပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာစေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ရှိပါကြောင်း။

**အဓိကအခန်းကဏ္ဍမှ ပါဝင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များအနက်မှ တတိယအချက်ဖြစ်သည့် **"နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး"** ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ နီးနွယ်ဆက်စပ်နေသည့် ဌာနဆိုင်ရာများ၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုလိုလားသည့် စေတနာရှင် ပရဟိတလူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီပံ့ပိုးမှုများ၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်မှုစွမ်းအားများနှင့် ဦးတည်ချက်ကို အောင်မြင်မှုရရှိလာသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည်ကို တိုက်တွန်းပြောကြားလိုပါကြောင်း။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးကဏ္ဍ တစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး၊ မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး၊ ကူးစက်ရောဂါနှင့် မကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး၊ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ ပုံမှန်ကာကွယ်ဆေးများထိုးခြင်း၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေး စသည့် ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီပြီး သာတူညီမျှရှိသည့် ကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ်ဖြစ်လာစေရေး ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ပြည်သူလူထု၏ မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာစေရေးအတွက်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးပညာရှင်များ၏ လုပ်ဆောင်မှုများသာမက သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုကို ကျန်းမာရေးအသိပညာတိုးတက်မြင့်မားစေပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများနှင့် နေထိုင်သွားစေရန်အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်ကိုလည်း မှာကြားလိုပါကြောင်း။

**နှစ်စဉ်ဘတ်ဂျက်များ တိုးမြှင့်လျာထား**

ထိုသို့ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုများ ပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများအနေဖြင့် အချိန်ပြည့် အရေးပေါ်လူနာများ လက်ခံကုသနိုင်ရေးအတွက် စီမံထားရှိခြင်း၊ လူနာများကို တတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေ လျော့နည်းစေရေးတို့အတွက် လိုအပ်သည့်ဆေးဝါးများ၊ ရောဂါရှာဖွေခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများ နေရာထိုင်ခင်းကောင်းမွန်စွာဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများအား မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မီဆေးကုသမှုများခံယူနိုင်စေရန် ဆေးဝါးများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း နိုင်ငံတော်အနေဖြင့် နှစ်စဉ်ဘတ်ဂျက်များ တိုးမြှင့်လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးနေသည့်အပြင် ချီးမြှင့်ငွေနှင့် စရိတ်မျိုးစုံကို ခံစားခွင့်ရရှိစေရန်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးနှင့် ဆေးပညာနီးနွယ်တက္ကသိုလ် ၁၆ ခု၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၃ ကျောင်းတို့ကို ဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး သင်ကြားပေးလျက်ရှိပါကြောင်း၊ ယခုဆေးပညာသင်ရိုးညွှန်းတမ်းကို နိုင်ငံတကာအဆင့်မီဖြစ်စေရန် မျှော်မှန်းရလဒ်အခြေခံသည့် စုစည်းချိတ်ဆက် သင်ကြားခြင်းစနစ်ကို ပြောင်းလဲသင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှု (Inter-Professional Education) နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်တတ်စေရေးတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိသည်ကို သိရပါကြောင်း။

**ရွေးချယ်ပြုစုပျိုးထောင်**

ဆေးဘက်ဆိုင်ရာပညာများကို အရေးအတွက်သာမက အရည်အချင်းကိုပါ အလေးထားပြီး ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာများကိုပါ ထည့်သွင်းသင်ကြားပေးနေသည်ကို သိရသည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် များစွာကျေနပ်အားရဖြစ်မိပါကြောင်း၊ ထို့ပြင် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များကို တက်ရောက်ရန် ဝင်ခွင့်ရွေးချယ်ရာတွင်လည်း ဆေးပညာရပ်ကို အမှန်တကယ် စိတ်ဝင်စားသူများ၊ ဆေးပညာကျင့်ဝတ် လိုက်နာစောင့်ထိန်းမည့်သူများ၊ ကျန်းမာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်လိုသူများ၊ မေတ္တာစေတနာနှင့် ကျန်းမာရေးစောင့်ရှောက်ပေးလိုသူများကိုသာ ရွေးချယ်ပြုစုပျိုးထောင်နိုင်ရေးအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို စနစ်တကျ စိစစ်ရွေးချယ်ပြီး ဝင်ခွင့်ပြုသည့် စနစ်သစ်ကို ၂၀၂၂ ခုနှစ် ပညာသင်နှစ်မှ စတင်ကျင့်သုံးလျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့်လည်း ပြည်သူလူထုအတွင်း စိတ်ချယုံကြည်စွာ စားသောက်သုံးစွဲနိုင်မည့် ပစ္စည်းမှန်၊ အမျိုးမှန်၊ အစားအစာနှင့်ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူး၊ တင်သွင်းရောင်းချနိုင်စေရန် ကြီးကြပ်ကွပ်ကဲမှုများ၊ ဝန်ဆောင်မှုများ စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စားသောက်ကုန်နှင့် ဆေးဝါးများကို မြန်ဆန်တိကျမှန်ကန်စွာဖြင့် စစ်ဆေးဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ခေတ်မီစက်ကိရိယာများနှင့် ဆေးဝါးများပြခန်းကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိရောက်စွာ စောင့်ရှောက်ပေးနိုင်စေရန်အတွက် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်ရည်ရွယ်ပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများကို (၂၁) ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်ကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း။

**မှတ်တမ်းတင်ဂုဏ်ပြု**

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့်လည်း ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေမည့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Myancopharm ကိုဗစ်ရောဂါ ကာကွယ်ဆေးနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်လုပ်သည့် ဝိသမအဖျားရောဂါပျောက်ဆေးနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ ရောဂါပိုးများ၏ မျိုးရိုးဗီဇပြောင်းလဲမှုနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အပြင် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို (၅၁) ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်းလည်း ပြောကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၏ ဦးတည်ချက်များ အောင်မြင်စေရေးဆောင်ရွက်ရာတွင် ကျန်းမာသည့် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံးသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ကျင်းပသည့် "မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီး" က အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်စေရန် ကြီးမားသည့် အထောက်အပံ့တစ်ခုဖြစ်စေမည်ဟု လေးနက်စွာ ယုံကြည်မျှော်လင့်မိပါကြောင်း။

ယခုကျင်းပသည့် နှီးနှောဖလှယ်ပွဲကြီးတွင် ကျန်းမာရေးနှင့်သက်ဆိုင်သည့် နယ်ပယ်အသီးသီးက ပြည်တွင်း/ပြည်ပမှ ပါမောက္ခဆရာဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များက မိမိတို့၏ တန်ဖိုးကြီးမားသော ဆေးပညာအတွေ့အကြုံများကို အနာဂတ်ကာလတွင် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ကို ပခုံးပြောင်းပြီး တာဝန်ယူကြမည့် မျိုးဆက်သစ် လူငယ်ဆရာဝန်များ၊ ဆေးပညာရှင်များကို လက်ဆင့်ကမ်းပြီး ပညာအမွေပေးအပ်ကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အနာဂတ်ကာလ၌ ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ရောဂါကာကွယ်တားဆီးရေး၊ ကုသရေးနှင့် ပြန်လည်သန်စွမ်းရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းကိစ္စရပ်များအတွက် အခြေခံကောင်းများ၊ အတွေးအမြင်သစ်များနှင့် အတွေ့အကြုံကောင်းများ၊ သင်ခန်းစာယူရမည့်အချက်များကို မျှဝေရရှိစေမည်ဖြစ်သည့်အတွက် မျိုးဆက်သစ်ကျန်းမာရေးပညာရှင်များ၊ ဝန်ထမ်းများအနေဖြင့် ထိထိရောက်ရောက် လေ့လာဆွေးနွေးသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**ကောင်းစွာအသုံးချဆောင်ရွက်နိုင်မည်**

ယခုကျင်းပသည့် နှီးနှောဖလှယ်ပွဲကြီးသည် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပထမဦးဆုံး ဦးဆောင်ကြီးမှူးကျင်းပခြင်းဖြစ်သည်ဟု သိရပြီး နောင်အနာဂတ်တွင်လည်း အလားတူဘက်စုံ၊ ကဏ္ဍစုံပါဝင်သည့် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ပုံမှန်ကျင်းပပြုလုပ်နိုင်ကြပါစေရန်လည်း ဆန္ဒပြုပြောကြားလိုပါကြောင်း၊ ယခုနှီးနှောဖလှယ်ပွဲကြီးတွင် ဆေးကုသမှုဆိုင်ရာ၊ ခွဲစိတ်ကုသမှုဆိုင်ရာ၊ သားဖွားမီးယပ်နှင့် ကလေးရောဂါများကုသမှုဆိုင်ရာ၊ အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများနှင့် ပတ်သက်သည့် ကုသမှုများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ၊ ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှုနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို ပြည်တွင်း/ပြည်ပမှ ပညာရှင်ဆရာဝန်ကြီးများက မိမိတို့သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် ဆေးပညာရှင်များကလည်း သိလိုသည်များကို အပြန်အလှန် ဆွေးနွေးမေးမြန်းသွားကြမည်ဖြစ်သည့်အတွက် တက်ရောက်လာသူများအားလုံး အသိပညာဗဟုသုတများ များစွာတိုးပွားစေမည့်အပြင် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင်လည်း ယခုနှီးနှောဖလှယ်ပွဲကြီးမှရရှိသည့် အတွေ့အကြုံဗဟုသုတကောင်းများကို ကောင်းစွာအသုံးချဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့် အဆင့်မြင့်ကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နေမှုများ၊ အဆင့်မြင့်ဆေးသုတေသနဆိုင်ရာ စွမ်းဆောင်မှုများ၊ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးရေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုကဏ္ဍများ မြှင့်တင်ဆောင်ရွက်နေမှုများ စသည့်ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သိရှိလာစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင်ပြည်သူများ၏ မျှော်မှန်းသက်တမ်း မြင့်မားလာပြီး ပြည်သူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်ငွေကြေးမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ်များ သက်သက်သာသာဖြင့် အားလုံးလက်လှမ်းမီသည့် အရည်အသွေး ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဆောင်ရွက်နေမှုများကို ပိုမိုပြီးသတိပြုသိရှိစေမည် ဖြစ်ပါကြောင်း။

ထိုသို့သိရှိနိုင်စေရေးအတွက် နှီးနှောဖလှယ်ပွဲကြီး၏ အကြိုလှုပ်ရှားမှုများအဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော မျက်စိရောဂါများကို ခွဲစိတ်ကုသပေးခြင်း၊ နှုတ်ခမ်းကွဲ အာခေါင်ကွဲနေသူများကို ခွဲစိတ်ကုသပေးခြင်း၊ ကျောင်းသား ကျောင်းသူများကို မျက်စိရောဂါနှင့် မျက်မှန်တပ်ဆင်ရန် လိုအပ်မှု ရှိ မရှိ အမြင်အာရုံစမ်းသပ် စစ်ဆေးပေးခြင်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း အသိအမှတ်ပြုပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပသည့် ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးမှရရှိသည့် ပညာရပ်ဆိုင်ရာ အတွေ့အကြုံ၊ ဗဟုသုတများ၊ နည်းပညာသစ်များကို သေချာစွာ ဆန်းစစ်လေ့လာပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာစေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်**

**"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"**

ဆိုသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နှီးနွှယ်ဆက်စပ်ဝန်ကြီးဌာနများတွင်ရှိသည့် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ကျန်းမာရေးပညာရှင်များစသည့် ကျန်းမာရေးကဏ္ဍဆိုင်ရာ ပညာရှင်အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးကြရန် မှာကြားလိုပါကြောင်း၊ တိုင်းရင်းသားပြည်သူအပေါင်း၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းတိုးတက်မြင့်မားလာစေရေး၊ ပြည်သူများ၏ မျှော်မှန်းလူ့သက်တမ်းမြင့်မားလာပြီး လူတိုင်းသက်တမ်းစေ့နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းစေရေး စသည့်ရည်မှန်းချက်များပြည့်မီစေရန်နှင့် ပြည်သူများ၏ ကိုယ်ပိုင်ငွေကြေးထဲမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျမှုသက်သာစေပြီး အားလုံးလက်လှမ်းမီအရည်အသွေးပြည့်ဝသည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတို့အတွက် စိတ်ကောင်းစေတနာ၊ မွန်မြတ်စိတ်ထား မေတ္တာတရားအပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်မှတ်တမ်း (Documentary Video Clip)ကို ပြသသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဆေးပညာရပ်ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ် Society အစုံပါဝင်သည့် ပြခန်းများနှင့် ဆေးနှင့်ဆေးပစ္စည်း၊ ခေတ်မီစက်ကိရိယာများနှင့် ဆေးဝါးများ၊ ကျန်းမာရေး ပညာပေးအစီအစဉ်များ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ စာအုပ်စာစောင်များ၊ သက်ဆိုင်ရာ ဦးစီးဌာနများ၏ စွမ်းဆောင်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ အကြံပြုပြောကြားခဲ့သည်။

ယခုနှီးနှောဖလှယ်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးနှင့်သက်ဆိုင်သည့် နယ်ပယ်အသီးသီးမှ ဆေးနှင့်ဆေးနီးနွှယ်ပညာရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအောက်ရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးပညာရှင်များ၊ အငြိမ်းစားကျန်းမာရေးပညာရှင်များ၊ အငြိမ်းစားတပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ပြင်ပဆရာဝန်များသာမက အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းမှ ဆေးပညာရှင်များ တက်ရောက်ဟောပြော ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်သည်။

**သီဆိုကပြဖျော်ဖြေ**

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

**ဂုဏ်ပြုပန်းခြင်း ပေးအပ်**

ဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။**

# မိမိတို့ အင်ဂျင်နီယာများသည် ဆန်းသစ်တီထွင်မှုဖြင့် ပိုမိုကြံ့ကြံ့ခံနိုင်သည့် ကမ္ဘာကို တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးနိုင်မည်ဟုယုံကြည်

နေပြည်တော် မတ် ၁၁

**World Engineering Day 2023 အထိမ်းအမှတ်အဖြစ် AAET Distinguished Lecture for the Commemoration of World Engineering Day 2023 အခမ်းအနားကို AAET အဖွဲ့ကြီး၏ ခွင့်ပြုချက်ဖြင့် AAET Country Operation Unit Of Myanmar မှ ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ Online Zoom Meeting ဖြင့် ကျင်းပသည်။**





အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့အင်ဂျင်နီယာအသင်းချုပ် (WFEO) က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရည်ရွယ်၍ မတ်လ ၄ ရက်နေ့ကို ကမ္ဘာ့အင်ဂျင်နီယာနေ့အဖြစ် သတ်မှတ်ကြေညာပေးရန် အဆိုပြုခဲ့ကြောင်း၊ အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာပညာရပ်၏ပုံရိပ်ကို မြှင့်တင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် UNESCO က WFEO မှ အဆိုပြုခဲ့သည့်အတိုင်း မတ်လ ၄ ရက်နေ့ကို ကမ္ဘာ့အင်ဂျင်နီယာနေ့အဖြစ် ကြေညာပေးခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့အင်ဂျင်နီယာနေ့၏ ဆောင်ပုဒ်မှာ **"အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုဖြင့် ကြံ့ကြံ့ခံနိုင်သည့် ကမ္ဘာကို တည်ဆောက်စို့"**ဖြစ်ပြီး စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ AAET အနေဖြင့်လည်း ကမ္ဘာ့အင်ဂျင်နီယာနေ့ကို အထူးအလေးထားကာ ပိုမိုတောင့်တင်းခိုင်မာသည့် အာဆီယံနှင့် ကမ္ဘာဖြစ်လာစေရန်အတွက် အင်ဂျင်နီယာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဟောပြောပွဲကို ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ရှိ ကမ္ဘာ့အမြင့်ဆုံး ကျောက်ဆစ်ဗုဒ္ဓတော် တည်ဆောက်မှုကို မြန်မာအင်ဂျင်နီယာများ၏ ဆန်းသစ်တီထွင်မှုဆိုင်ရာ အောင်မြင်မှုအဖြစ် ယခုအခမ်းအနားတွင် ထည့်သွင်းတင်ပြလိုကြောင်း၊ တည်ထားပြီးစီးပါက ဗုဒ္ဓရုပ်ပွားတော်သည် ပလ္လင်တော်အပါအဝင် အမြင့် ၈၁ ပေရှိပြီး အလေးချိန် ၅၂၉၂ တန်ရှိမည်ဖြစ်ကြောင်း။

ထုထည်နှင့် အလေးချိန်ကြီးမားလှသည့်အတွက် ကျောက်တုံးများကို ဆင်းတုတော်အတွက် အပိုင်း(၄)ပိုင်းနှင့် ပလ္လင်တော်အတွက် အပိုင်း(၅)ပိုင်း၊ စုစုပေါင်း အပိုင်း(၉)ပိုင်း ခွဲထုတ်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း၊ စကျင်ကျောက်အပိုင်းကြီးများအား သယ်ယူပင့်ဆောင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး စကျင်ကျောက်အပိုင်းကြီးများ နေပြည်တော်သို့ သယ်ယူပင့်ဆောင်ခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြရကြောင်း။

**ကိုယ်တိုင် တီထွင်ဒီဇိုင်းရေးဆွဲထား**

ရုပ်ပွားတော်မြတ်ကြီးအား ရာသီဥတုဒဏ်နှင့် အခြားသဘာဝဘေးဒဏ်များ ခံနိုင်ရည်ရှိစေရေးအတွက် ဒီဇိုင်းရေးဆွဲထားကြောင်း၊ ရုပ်ပွားတော်ကြီး၏ ပင်မကိုယ်ထည်ကို အပိုင်း(၄)ပိုင်းဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး အပိုင်းတစ်ပိုင်းချင်းစီကို မြန်မာအင်ဂျင်နီယာများကိုယ်တိုင် တီထွင်ဒီဇိုင်းရေးဆွဲထားသည့် CNC Machine များ၊ ခေတ်မီစက်ကိရိယာများဖြင့် ပုံဖော်ထုဆစ်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း။

ဆင်းတုတော်ပင့်ဆောင်ရာတွင် ထုဆစ်ပြီး ကျောက်သားများ ထိခိုက်မှုမရှိစေရန် သံမဏိပန်းတောင်း တည်ဆောက်ခြင်းတို့မှာ အချိန်အားဖြင့် ခုနစ်လကြာပြီး သံထည်ပစ္စည်းတန်ချိန် ၃၈၀၀ အသုံးပြု၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် ပူးပေါင်းကာ တပ်မတော်သားအင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကြီးမားလေးလံသည့်ပစ္စည်းကို မတင်ရွှေ့ပြောင်းဖူးသည့် နည်းပညာအတွေ့အကြုံနှင့် စက်ယန္တရားများ အသုံးမပြုခဲ့ဖူးသော်လည်း ယခုမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် သက်ဆိုင်ရာလုပ်ငန်း အင်ဂျင်နီယာအသီးသီးတို့၏ အတွေ့အကြုံများဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းပြီး ဒီဇိုင်းရေးဆွဲတွက်ချက်ခြင်း၊ စစ်ဆေးခြင်းတို့တွင် ခေတ်မီနည်းပညာများကို အသုံးပြုတွက်ချက်၍ တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်သည့်လုပ်ငန်းအား တင်ပြရခြင်းမှာ မိမိတို့ဝန်းကျင်ရှိ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို မီးမောင်းထိုးပြလိုခြင်းနှင့် အင်ဂျင်နီယာများကို ဆန်းသစ်တီထွင်မှုများ ပိုမိုလုပ်ဆောင်နိုင်ရေး တိုက်တွန်းအားပေးလိုခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ဆန်းသစ်တီထွင်မှုဟူသည် ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုအသစ်များကို ပြုလုပ်နိုင်သည့် အတွေးအခေါ်များ (သို့မဟုတ်) ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများကို ပေးဆောင်ရာတွင် တိုးတက်မှုဖြစ်စေသည့် အတွေးအခေါ်များကို လက်တွေ့အကောင်အထည်ဖော်ခြင်းပင်ဖြစ်ကြောင်း။

ယနေ့ခေတ်၌ ကမ္ဘာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ နောက်ဆက်တွဲပြဿနာများ၊ ရာသီဥတုပြောင်းလဲမှု၊ အထွေထွေသော အကျပ်အတည်းများဖြင့် သဘာဝဘေးအန္တရာယ်များ၊ ကျန်းမာရေးပြဿနာ၊ ရွှေ့ပြောင်းနေထိုင်မှုနှင့် နိုင်ငံသားအထောက်အထားပြဿနာ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဲ့သို့သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရကြောင်း၊ ကံကောင်းသည်မှာ ဆန်းသစ်တီထွင်ဉာဏ်ရှိသော အင်ဂျင်နီယာများ ရှိနေခြင်းပင်ဖြစ်ကြောင်း၊ ပြဿနာများကို ဖြေရှင်းနိုင်မည့် R&D အင်ဂျင်နီယာများ၊ ကုန်ထုတ်အင်ဂျင်နီယာများ၊ လုပ်ငန်းစဉ် အင်ဂျင်နီယာများ၊ တိုင်ပင်ခံ အင်ဂျင်နီယာများ၊ လုပ်ငန်းခွင်အင်ဂျင်နီယာများ၊ အရောင်းအင်ဂျင်နီယာများနှင့် အခြားများစွာသောအင်ဂျင်နီယာများသည် အခန်းကဏ္ဍစုံမှာ ရှိနေကြကြောင်း၊ အမှန်တော့ အင်ဂျင်နီယာပညာရပ်ဟူသည် ပြဿနာဖြေရှင်းခြင်းမျှသာ မဟုတ်ဘဲ မိမိတို့ဘဝကို ပိုမိုကောင်းမွန်စေမည့် ဖြေရှင်းနည်းများကို ရှာဖွေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ အင်ဂျင်နီယာများသည် ၎င်းတို့၏ ဆန်းသစ်တီထွင်မှုဖြင့် ပိုမိုကြံ့ကြံ့ခံနိုင်သည့် ကမ္ဘာကို တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးနိုင်မည်ကို ယုံကြည်ကြောင်း။

**တီထွင်ဆန်းသစ်မှုများကို လုပ်ဆောင်**

၂၀၂၃ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်ဂျင်နီယာများ စွမ်းဆောင်ခဲ့ကြသော ခမ်းနားသည့် တီထွင်မှုများနှင့် တီထွင်ဆန်းသစ်မှုများအတွက် ဂုဏ်ပြုလိုပါကြောင်းနှင့် ဆက်လက်၍လည်း တီထွင်ဆန်းသစ်မှုများကို လုပ်ဆောင်ကြရန် တိုက်တွန်းအားပေးလိုပါကြောင်း ပြောကြားသည်။

ထို့နောက် AAET President, Prof. Dr. Ewe Hong Tat က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ AAET Vice President, မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ်က Seismic Hazard and Vulnerability Assessment For Bagan/ Nyaung U Area ခေါင်းစဉ်ဖြင့် Seismicity Around Bagan/Naung-U Area, Significant Ground Shakings on Historical Monuments, Development of Seismic Hazard and Vulnerability Assessment တို့ကို Distinguished Lecture အဖြစ် ဟောပြောသည်။

**မေးမြန်းဖြေကြား**

အခမ်းအနားသို့ AAET အဖွဲ့ကြီးမှ နိုင်ငံတကာ Professors များ၊ ပညာရှင်များ၊ ပြည်တွင်းရှိ အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ Distinguished Lecture အား ဟောပြောမှုအပြီးတွင် တက်ရောက်လာသည့် ပညာရှင်များက သိလိုသည်များကို မေးမြန်းရာ ပါမောက္ခဒေါက်တာ အောင်ကျော်မြတ်က ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက ဒေါက်တာစိန်မြင့် ကိုယ်စား ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် မတ် ၁၁ – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲသို့ တက်ရောက်

**ရန်ကုန် မတ် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Hotel Yangon ၌ စာရေးဆရာ မြင်းခြံ ကျော်အောင် (ခ) သန်းထက်စံ ၏ "ဘဝဇာတ်ခုံ ဖြစ်ရပ်စုံ" စာအုပ်များ ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲအား တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ် မြတ်သူနှင့် စာပေပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



### အခမဲ့ငှားရမ်းပေးမည်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့လှူဒါန်းပေးသည့် "ဘဝဇာတ်ခုံ ဖြစ်ရပ်စုံ" စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများတွင် ဖွင့်လှစ်ထားသော ပြည်သူ့ စာကြည့်တိုက်များသို့ ပေးပို့ပြီး စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှတ်ပုံတင်၍ ပြည်သူများ အလွယ်တကူဖတ်ရှုနိုင်စေရေး စင်တင်ပေးခြင်းနှင့် အခမဲ့ငှားရမ်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများသို့ သွားရောက်၍လည်း ငှားရမ်းပေးသွားမည်ဖြစ်ပါကြောင်း။

လူမျိုးတစ်မျိုး၏ အခြေအနေ၊ အဆင့်အတန်းကို သိရှိလိုပါက ထိုလူမျိုးများ လေ့လာလိုက်စားသည့် စာပေ၊ အနုပညာ၊ ဂီတများကို ကြည့်လျှင် သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ စာပေထွန်းကားမှသာ ကမ္ဘာတွင် ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင်၊ ဗဟုသုတ ပြည့်စုံသည့် လူမျိုး၊ ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင်၊ ဗဟုသုတ ပြည့်စုံသည့် လူ့ပတ်ဝန်းကျင်နှင့် ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင်၊ ဗဟုသုတပြည့်စုံသည့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ပညာရှင်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့် လူမျိုး၊ ဖွံ့ဖြိုးတိုးတက်သည့် လူ့ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေရေးအတွက် ပြည်သူတိုင်း စာဖတ်ကြပြီး စာဖတ်ခြင်းဖြင့် မိမိဘဝ၊ မိသားစုဘဝ၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင် စာရေးဆရာ မြင်းခြံကျော်အောင် (ခ) သန်းထက်စံက လှူဒါန်းရသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ မြင်းခြံကျော်အောင်(ခ)သန်းထက်စံက ပြန်ကြားရေးနှင့် ပြည့်ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက် ၄၁၀ အတွက် စာအုပ် ၄၁၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူက လှူဒါန်းပွဲနှင့် ပတ်သက်၍ မုဒိတာစကားပြောကြားသည်။

ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုက်ကူးထုတ်လွှင့်နေသည့် "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃)၏ MRTV–HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်နေမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်လာကြသော ရုပ်ရှင်၊ ဂီတ၊ သဘင်မှ အနုပညာရှင်များ၊ သီဆိုဖျော်ဖြေကြသည့် တေးသံရှင်များနှင့် ကြည့်ရှုအားပေးကြသည့် ဧည့်သည်တော်များကို ရင်းနှီးစွာ နှုတ်ဆက်သည်။

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုက်ကူးထုတ်လွှင့်သည့် "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃)ကို ဇာတိမာန်သီချင်း တီးလုံးဖြင့် ဖွင့်လှစ်ပြီး မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင် သန်းမြတ်စိုး၊ သီရိစံ၊ မေထူးကျော်၊ မြတ်ဆုချယ်၊ ကောင်းဆက်၊ သွန်း၊ စောထက်နေယံ၊ ထွန်းပပအောင်၊ အိအိလှိုင်၊ အင်ကြင်းနိုင်ဦး၊ ကောင်းဆက်နှင့် သွန်းတို့က ဇာနည်စစ်သည်၊ ဂုဏ်ယူနေကာချစ်နေမယ်၊ ကိုကိုစစ်သား ကျွန်မချစ်သူ၊ စစ်သည်မောင့်အတွက် ချစ်တေးလက်ဆောင်၊ သူရဲကောင်းတို့နှလုံးသား၊ ရတုအဆက်ဆက် သစ္စာတည်၊ တောင်ပြာတန်းကပန်းလက်ဆောင်၊ ကောင်းကင်ယံက မြန်မာစစ်သည်၊ သီချင်းဆိုလို့ အလွမ်းဖြေမယ်၊ အကြိုတော်နှင့် ချစ်သော တပ်မတော် တေးသီချင်းတို့ဖြင့် MRTV–HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

### အစီအစဉ်များတိုးမြှင့်

အဆိုပါ အစီအစဉ်နှင့်အတူ ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်စေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများတွင်လည်း အခြေအနေ အချိန်အခါနှင့် ကိုက်ညီသင့်လျော်သည့် ဂုဏ်ပြုအစီအစဉ်များကိုလည်း တင်ဆက်လျက်ရှိသည်။

(၇၈)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ ညနေပိုင်းတွင် ရိုက်ကူးတင်ဆက်ခဲ့သော "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃)၏ ဖျော်ဖြေတင်ဆက်မှုကို မတ် ၁၀ ရက် ည ၉ နာရီတွင် MRTV–HD Channelမှ ထုတ်လွှင့်ပြသခဲ့ပြီး မတ် ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်တွင်းကြီး၌ အင်္ဂလိပ်စာသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းများဖွင့်

**တောင်တွင်းကြီး မတ် ၁၁ –** မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ အင်္ဂလိပ်စာ 4 Skills သင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းများကို ပညာဒါနအဖြစ် (အခမဲ့) ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အင်္ဂလိပ်စာ 4 Skills သင်တန်းကို မတ် ၁ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးနေပြီး မေ ၃၁ ရက်အထိ သုံးလ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈ နာရီမှ ၉ နာရီခွဲအထိလည်းကောင်း၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၆ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးနေပြီး ဧပြီ ၇ ရက်အထိ တစ်လ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိလည်းကောင်း သင်ကြားပို့ချပေးလျက်ရှိသည်။

အင်္ဂလိပ်စာ 4 Skills သင်တန်းကို Grade (5) နှင့်အထက် ကျောင်းသား ကျောင်းသူ ၄၅ ဦး၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို Grade (4)နှင့်အထက် ကျောင်းသား ကျောင်းသူ ၅၀ တို့ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**အေးမိုးမိုးမြင့်**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ

*(ယမန်နေ့မှအဆက်)*

( င ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကိုလည်းကောင်း၊ ထိုဥပဒေပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံနှင့် ထိုအဆောက်အအုံပေါ်ရှိ လူများကိုလည်းကောင်း ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ ပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာသင်္ဘောပိုင်ရှင်များ၊ ရေယာဉ်မှူးများနှင့် သင်္ဘောကုမ္ပဏီများ၊ ဆိပ်ကမ်းအာဏာပိုင်နှင့် ဆိပ်ကမ်းကိုယ်စားလှယ်များအား ညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

( စ ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ဆောင်ရွက်ရာတွင် လိုအပ်ပါက သင်္ဘောအား တားဆီးထိန်းသိမ်းရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအား တာဝန်ပေးနိုင်သည်။

(ဆ) နည်းဥပဒေခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့်(စ)တို့အရ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ အစီရင်ခံရမည်။

၄၇။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် –

(က) ရေကြောင်းဘက်ဆိုင်ရာ အကြမ်းဖက်မှု ပေါ်ပေါက်လာပါက ဆက်သွယ်ဆောင်ရွက်ရမည့်အဖွဲ့များနှင့် တာဝန်ခံများအား သတ်မှတ်တာဝန်ပေးခြင်းနှင့် ထိုအဖွဲ့များနှင့် တာဝန်ခံများအား ဆက်သွယ်ဆောင်ရွက်ရမည့် တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်နှင့် လိပ်စာများကို သတ်မှတ်ကြေညာထားခြင်း၊

( ခ ) နိုင်ငံတော်အတွင်းရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံများ၏ ဆက်သွယ်ရမည့်တာဝန်ခံပုဂ္ဂိုလ်၊ လိပ်စာ၊ ဖက်(စ်)၊ အီးမေးလ်၊ ဖုန်းနံပါတ်များကို ပြုစုထားရှိခြင်း၊

( ဂ ) မိမိလုပ်ငန်းကော်မတီဝင်များနှင့် အခြားလုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ဃ) ဗဟိုအဖွဲ့၏လမ်းညွှန်ချက်အရ အခြားလုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

( င ) အကြမ်းဖက်မှုများဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်အတွက် ကျွမ်းကျင်သောပုဂ္ဂိုလ်များခန့်ထားခြင်းနှင့် အထူးလေ့ကျင့်ထားသည့် တပ်ဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်စေခြင်းနှင့် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

( စ ) အကြမ်းဖက်မှုများ ဖြစ်ပေါ်လာသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြအစီရင်ခံစေခြင်း။

၄၈။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်သော ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးအတွက် အောက်ပါလုပ်ငန်းစဉ်များချမှတ်ပြီး အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်–

(က) အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးနှင့် စုံစမ်းစစ်ဆေးရေးတို့အတွက် စီမံချက်များ ချမှတ်ခြင်းနှင့် စီမံချက်ပါအတိုင်း တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များအား ကျွမ်းကျင်မှုလေ့ကျင့်သင်တန်းများပေးပြီး လက်တွေ့ကျကျ ကြိုတင်လေ့ကျင့်ဆောင်ရွက်ခြင်း၊

( ခ ) ဆိပ်ကမ်းများ၊ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံ၊ သင်္ဘောများပေါ်တွင် အပြည်ပြည်ဆိုင်ရာသင်္ဘောနှင့် ဆိပ်ကမ်းများလုံခြုံရေးဥပဒေ [International Ships and Ports Facility Security Code (ISPS Code)] အရ သတ်မှတ်ထားသော လုံခြုံရေးအဆင့်အတန်းအစီအမံများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

( ဂ ) သင်္ဘောပေါ်တွင်လည်းကောင်း၊ ဆိပ်ကမ်းတစ်ခုခုတွင်လည်းကောင်း၊ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံတွင်လည်းကောင်း အကြမ်းဖက်မှုဖြစ်စဉ်၊ ခြိမ်းခြောက်မှု ဖြစ်စဉ်ဖြစ်ပွားပါက ကိုင်တွယ်ဖြေရှင်းမည့် အစီအမံများအားရေးဆွဲပြီး လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) နိုင်ငံတော်ပိုင်နက်ပင်လယ်အတွင်း သွားလာနေသော သင်္ဘောများမှ အကူအညီ တောင်းခံလာလျှင် လိုအပ်သောအကူအညီများပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန် လိုအပ်သောအစီအမံများချမှတ်၍ သင်္ဘောပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ သင်္ဘောသားများအား အသိပညာပေးခြင်း၊

( င ) နိုင်ငံတော်ပိုင်နက်ပင်လယ်အတွင်းသွားလာနေသော သင်္ဘော၊ ရေယာဉ်များမှ အကူအညီတောင်းခံလာလျှင် လိုအပ်သောအကူအညီများပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောအစီအမံများကို ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာသင်္ဘောပိုင်ရှင်၊ ဆိပ်ကမ်းအာဏာပိုင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်းကိုယ်စားလှယ်များအား သတင်းအချက်အလက်များ ပေးပို့ဖလှယ်ဆောင်ရွက်ခြင်း၊

( စ ) ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာကွန်ဗင်းရှင်း (Convention for the Suppression of Unlawful Acts Against the Safety of Maritime Navigation–SUA Convention)နှင့် ကမ်းလွန် ရေတိမ်ပိုင်းရှိ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံများအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာ ပရိုတိုကောလ် (Protocol for the Suppression of Unlawful Acts Against the Safety of Fixed Platforms Located on the Continental Shelf (SUA PROT) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း။

၄၉။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်သော ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ သင်္ဘောအား ဖမ်းဆီးထိန်းသိမ်းမှုကို ဆောင်ရွက်သည့်အခါ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) ကနဦးစစ်ဆေးဆောင်ရွက်ချက်အား ဆောလျင်စွာပြုလုပ်ခြင်း၊

( ခ ) နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိအဖွဲ့အစည်းသို့ ကနဦး စစ်ဆေးတွေ့ရှိချက်များနှင့်အတူ အကြောင်းကြားခြင်း၊

( ဂ ) နိုင်ငံမဲ့ဖြစ်ပါက အစဉ်အမြဲနေထိုင်လေ့ရှိသောနိုင်ငံသို့ ကနဦးစစ်ဆေးတွေ့ရှိချက်များနှင့်အတူ အကြောင်းကြားခြင်း။

၅၀။ ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့သည် –

(က) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ရေပြင်တွင် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးအတွက်လည်းကောင်း တာဝန်ရှိသည်။

( ခ ) နိုင်ငံတော်၏ပိုင်နက်ပင်လယ်ရေပြင်တွင် ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား လိုအပ်သောတပ်ဖွဲ့အင်အားကိုအသုံးပြု၍ တားဆီးချေမှုန်း ဖြေရှင်းဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင်–

(၁) လိုအပ်သောတပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်။

(၂) ရရှိသည့်အချိန်လုံလောက်ပါက ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီနှင့် အထက်ဌာနသို့ သတင်းပို့ဆောင်ရွက်ရမည်။

(၃) ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်လျှင် ရေယာဉ်မှူး၏ ဆုံးဖြတ်ချက်ဖြင့် အချိန်မီဆောင်ရွက်နိုင်သည်။

(၄) အတင်းအဓမ္မ အင်အားသုံးခြိမ်းခြောက်ခြင်းခံရ၍ဖြစ်စေ၊ အန္တရာယ်ရုတ်တရက် ကြုံတွေ့ရသည့်အခါတွင်ဖြစ်စေ ရေယာဉ်မှူးသည် ကာကွယ်ခုခံနိုင်သည့် အခွင့်အရေးရှိသည်။

(၅) မိမိကိုယ်ကိုကာကွယ်ခုခံခြင်းအပြင် အခြားသူတစ်ဦးဦးကို အပြင်းအထန်နာကျင်စေမည့်ဘေး သို့မဟုတ် အသက်အန္တရာယ်ဘေးမှ အကာအကွယ်ပေးရန် အကျိုးအကြောင်းခိုင်လုံပါက လိုအပ်သောတပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်။

(၆) ရေယာဉ်မှူးကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် ဘေးအန္တရာယ်ကျရောက်မည့် အခြေအနေကြုံတွေ့ပါက ရေယာဉ်မှူး၏ဆုံးဖြတ်ချက်ဖြင့် လိုအပ်သောတပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်။

၅၁။ ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့သည် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရန် သံသယဖြစ်ဖွယ်ရှိသော ပစ်မှတ်ရေယာဉ်အား ရှာဖွေစစ်ဆေးရေး၊ ရပ်တန့်ခြင်းမရှိသော သို့မဟုတ် လိုက်နာရန်ငြင်းဆန်သော ပစ်မှတ်ရေယာဉ်များနှင့် လက်နက်ဖြင့် ပြန်လည်ခုခံလာသော ပစ်မှတ်ရေယာဉ်များအား လိုအပ်သလို တားဆီးနှိမ်နင်းရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၂။ ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့သည် ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံဆိုင်ရာ ဘေးအန္တရာယ်ဖြစ်စေမည့် အကြမ်းဖက်မှုများအတွက် ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးလျက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်–

(က) ဥပဒေမဲ့ပြုလုပ်သောအကြမ်းဖက်မှုများအား တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းဖော်ထုတ်ခြင်း၊

( ခ ) မြန်မာ့ပင်လယ်ရေပြင်နှင့် ဆိပ်ကမ်းများ၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများကို ပုံမှန်စောင့်ကြပ်ခြင်း၊ ကင်းလှည့်စစ်ဆေးခြင်း၊

( ဂ ) ရေယာဉ်အပိုင်စီးခြင်း၊ အဖျက်အမှောင့်ပြုလုပ်ခြင်း၊ ဗုံး သို့မဟုတ် အခြားပေါက်ကွဲစေတတ်သော ပစ္စည်းဖြင့် ခြိမ်းခြောက်မှု၊ ဘေးအန္တရာယ်ပြုမှုများအား သက်ဆိုင်ရာတားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၊ ချေမှုန်းရေးတပ်ဖွဲ့များနှင့် ဗုံးရှင်းလင်းရေးအထူးတပ်ဖွဲ့များနှင့် ပူးပေါင်း၍ ထိန်းချုပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခြင်း၊

(ဃ) ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လုပ်ငန်းဆိုင်ရာဆောင်ရွက်နိုင်ရေးအတွက် တပ်ဖွဲ့ဝင်များအား လေ့ကျင့်ထားရှိခြင်း၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

(င) လိုအပ်သည့်အချိန်တွင် သင်္ဘောပေါ်တွင်လည်းကောင်း၊ သင်္ဘောနှင့်အတူလိုက်ပါ၍လည်းကောင်း လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်း။

၅၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်အတွင်း ခွင့်ပြုချက် သို့မဟုတ် လိုင်စင်ထုတ်ပေးထားသော ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံများ၏ တည်နေရာနှင့် အချက်အလက်များကို အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (International Maritime Organization–IMO) သို့ ပေးပို့အကြောင်းကြားရမည်။

၅၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်သော ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတ ရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့သို့ အောက်ပါအချက်များဖော်ပြ၍ အကြောင်းကြားရမည်–

(က) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ဖြစ်စဉ်အကျဉ်း၊

(ခ) အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုအမည် (သိရှိလျှင်)၊

(ဂ) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရာ၌ ခရီးသည်နှင့် ကုန်ပစ္စည်းများကို မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ခဲ့သည့်အခြေအနေ၊

(ဃ) ဥပဒေကြောင်းအရ ဆက်လက်၍ အရေးယူဆောင်ရွက်မည့် အစီအစဉ်များ။

၅၅။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည်–

(က) အကြမ်းဖက်မှုဆိုင်ရာကိစ္စအတွက် စုံစမ်းစစ်ဆေးရန် တားဆီးထိန်းသိမ်းထားသော သင်္ဘောနှင့် သင်္ဘောပိုင်ရှင်အား စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီးနောက် အကြမ်းဖက်မှုကျူးလွန်ခြင်းမရှိကြောင်းတွေ့ရှိသဖြင့် အရေးယူဆောင်ရွက်ရန် မလိုအပ်ကြောင်း တွေ့ရှိပါက ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် သင်္ဘောကို ပြန်လည်လွှတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ တားဆီးထိန်းသိမ်းထားသော သင်္ဘောနှင့် သင်္ဘောပိုင်ရှင်အား စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်နေစဉ်ကာလအတွက် ဆိပ်ကမ်းအခွန်အခများကို ကင်းလွတ်ခွင့် ပေးစေရမည်။

**အခန်း (၁၀)**

**စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း**

၅၆။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော အစီအမံများကို ချမှတ်ထားရမည်။

၅၇။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့သည် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် နည်းဥပဒေ ၅၆ အရ ချမှတ်ထားသော အစီအမံများနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် ကျွမ်းကျင်သူများအား တာဝန်ပေးရမည်။

၅၈။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့သည် ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများအား အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း (The Convention of Plastic Explosives) နှင့်ညီညွတ်ခြင်းမရှိသော အောက်ပါ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအား ဖြစ်နိုင်သမျှဆောလျင်စွာ ဖျက်ဆီးရမည်–

(က) မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း အမှတ်အသားပြုလုပ်ထားခြင်း မရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ၊

(ခ) သက်ဆိုင်ရာအာဏာပိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်သည့်၊ ဖြန့်ဖြူးသည့်၊ တင်သွင်းသည့်၊ တင်ပို့သည့်၊ ဖြတ်သန်းသယ်ဆောင်သည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် ဆိုက်ကပ်ရပ်နားထားသည့် ယာဉ်ပေါ်တွင်ပါရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ။

၅၉။ မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း အမှတ်အသား ပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို နိုင်ငံတော်က လုပ်ပိုင်ခွင့်အပ်နှင်းထားသော တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာစီမံအုပ်ချုပ်သူ၏ ကြီးကြပ်မှုအရ တပ်မတော်ကဖြစ်စေ၊ ရဲတပ်ဖွဲ့က ဖြစ်စေ ဆောင်ရွက်မှုများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၀။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့သည် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ လက်နက်တိုက်တွင် ပြည်ပမှတင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ရှိပြီးဖြစ်သော အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို ဖျက်ဆီးရေးအတွက် လိုအပ်သော လုပ်ငန်းအစီအစဉ်များချမှတ်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအား တာဝန်ပေးအပ်ရမည်။

၆၁။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားဝန်ကြီးဌာနတစ်ခုခု၏ ခွင့်ပြုချက်ဖြင့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှုများကို ကြီးကြပ်ခြင်း၊ ထိုသို့ ဆောင်ရွက်ခွင့်ပြုနိုင်ရန် စိစစ်ပြီး သဘောတူညီချက်ပေးနိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ၁၉၉၁ ခုနှစ် စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများအား အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ အသိပညာပေးခြင်း၊

(ဂ) တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် သို့မဟုတ် မည်သည့်ပေါက်ကွဲစေတတ်သော ပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင်တင်ဆောင်မှုများကို တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့ပြုနိုင်ရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီက နည်းဥပဒေ ၇၂ အရ ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့အား အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ တာဝန်ပေးအပ်ခြင်း၊

(င) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားမှု စသည်တို့ဆောင်ရွက်ရန် ခွင့်ပြုချက်ထုတ်ပေးသည့် အခွင့်ရအာဏာပိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနက ထိုသို့ခွင့်ပြုချက်မပေးမီ မိမိလုပ်ငန်းအဖွဲ့သို့ ကြိုတင်ညှိနှိုင်းသဘောတူညီချက်ရယူစေခြင်း၊

(စ) ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုတို့အပေါ် ဥပဒေအရ အရေးယူတရားစွဲဆိုရန် ထိုဥပဒေပုဒ်မ ၇၀ အရ ကြိုတင်ခွင့်ပြုချက် တောင်းခံရာတွင် စိစစ်ဆောင်ရွက်ပြီး ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအား လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းမပြုရန် တားမြစ်ကန့်သတ်သည့် အမိန့်များ ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ တင်ပြခြင်းနှင့် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ဈ) မိမိလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း။

၆၂။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည်–

(က) တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏ လက်နက်တိုက်တွင် အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကိုသော်လည်းကောင်း၊ ပြည်ပမှ တင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်း ထုတ်လုပ်သော သို့မဟုတ် ရှိပြီးဖြစ်သော အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကိုသော်လည်းကောင်း ဖျက်ဆီးရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ စီမံဆောင်ရွက်ရာတွင် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို လက်ဝယ်ထားခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းကို ထိရောက်စွာ ကန့်သတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာခြင်း ရှိ မရှိ ကြီးကြပ်ကွပ်ကဲရမည်။

၆၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များသည်–

(က) ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်း ပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်း မည်သည့်အရပ်ဒေသတွင်မဆို ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း ဆောင်ရွက်နိုင်သည်။

(ခ) အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဆိုင်ရာ ပစ္စည်းများကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှုပြုလုပ်ကြောင်း စုံစမ်းစစ်ဆေးရှာဖွေတွေ့ရှိပါက ချိပ်ပိတ်ခြင်း၊ တားမြစ်ခြင်း၊ တားဆီးကာကွယ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်သတ်မှတ်ရေးယာ လေပိုင်နက်၊ ရေပိုင်နက်နှင့် ကုန်းတွင်းပိုင်နက်အတွင်း အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ဖုံးခွဲ တိုက်ခိုက်မှုကျူးလွန်ရန် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဆိုင်ရာ အရာဝတ္ထုများသယ်ဆောင်လာသော မည်သည့်ပို့ဆောင်ရေးယာဉ်ကိုမဆို ရပ်တန့်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုချက်မရှိဘဲ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ အရာဝတ္ထုများပါရှိခြင်း၊ သယ်ဆောင်ခြင်း၊ သိုဝှက်ထားခြင်းတို့အား စစ်ဆေးရှာဖွေတွေ့ရှိသည့် မည်သည့်ပို့ဆောင်ရေးယာဉ်ကိုမဆို နိုင်ငံတော်နယ်နိမိတ်အတွင်းမှ

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းထွက်ခွာခွင့်များအား တားဆီးခြင်း၊ တားမြစ်ခြင်း၊ ပိတ်ဆို့ခြင်း၊ ရပ်တန့်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

**အခန်း (၁၁)**

**အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း**

၆၄။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဥပဒေပုဒ်မ ၃၉ ပါ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှု ကြီးမားစွာဖြစ်စေရန် သော်လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဖြစ်သည့် နိုင်ငံတော်အတွင်း အများပြည်သူအသုံးပြုသည့် နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ဓာတ်ငွေ့ပိုက်လိုင်း၊ ရေနံပိုက်လိုင်း၊ တာဝါတိုင်များ၊ ဆက်သွယ်ရေးကေဘယ်လိုင်းများ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံပစ္စည်း တစ်ခုခုတွင်ဖြစ်စေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကို ဖျက်ဆီးမှုဆိုင်ရာပြစ်မှုများကို တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော အောက်ဖော်ပြပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့အသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်သော်လည်းကောင်း၊ နေပြည်တော်ကောင်စီနှင့်သော်လည်းကောင်း ညှိနှိုင်း၍ဖွဲ့စည်းပေးရမည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်

(၂) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်မတော်နယ်မြေခံတပ်မှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး၊ — အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

(ခ) ပြည်ထောင်စုနယ်မြေ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့

(၁) ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ခေါင်းဆောင်

(၂) ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၄) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန — အဖွဲ့ဝင်

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်

(၂) ဒုတိယညွှန်ကြားရေးမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) မီးသတ်ဦးစီးဌာနမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်

(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်

(၆) ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်

(ဃ) ခရိုင်အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) ခရိုင်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်

(၂) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) ခရိုင်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်

(၅) ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်

(၆) ခရိုင်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်

(၇) ခရိုင်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

(င) မြို့နယ်အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်

(၂) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) မြို့နယ်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်

(၅) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်

(၆) မြို့နယ်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

၆၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး၊ ကယ်ဆယ်ရေး၊ စုံစမ်းစစ်ဆေးရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အောက်ဖော်ပြပါအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီနှင့် ညှိနှိုင်း၍ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် –

(က) ဗုံးရှင်းလင်းရေးအဖွဲ့၊

(ခ) ထိခိုက်၊ သေဆုံးသူများကယ်ဆယ်ရေး၊ ကနဦးဆေးကုသရေးနှင့် ဆေးရုံပို့ဆောင်ရေးအဖွဲ့၊

(ဂ) ဗုံးခွဲတိုက်ခိုက်မှု စုံစမ်းစစ်ဆေး အရေးယူရေးအဖွဲ့၊

(ဃ) အခြားလိုအပ်သောအဖွဲ့များ။

၆၆။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) သက်ဆိုင်ရာ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး၊ လေ့ကျင့်သင်တန်းများပေးရေးနှင့် လိုအပ်သောနည်းပညာနှင့် အထောက်အကူပြု ပစ္စည်းကိရိယာများ ဖြည့်တင်းရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့အသီးသီးအား ဗုံးတွေ့ရှိခြင်း၊ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းတို့နှင့်စပ်လျဉ်း၍ အနီးကပ်ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ရမည်။

(ဂ) ပြည်သူများလုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရေးနှင့် အကြမ်းဖက်ဗုံးခွဲမှု အသိပညာရှိရေးတို့အတွက် အသိပညာပေးခြင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု၊ ရုံး၊ ဌာနအလိုက် အကြမ်းဖက်ဗုံးခွဲမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခြင်းတို့ ပြုလုပ်စေရန် စီမံဆောင်ရွက်ရမည်။

(ဃ) မပေါက်ကွဲသေးသောဗုံးကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်း၊ သက်မဲ့ပြုလုပ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဒဏ်ရာရလူနာများအား ကယ်ထုတ်ခြင်း၊ ဆေးရုံတွင်ဆေးကုသခြင်း၊ ပြစ်မှုကျူးလွန်သောအကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအား စုံစမ်းဖော်ထုတ်ခြင်းတို့ကို သက်ဆိုင်ရာ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့များအား ဆောင်ရွက်စေရမည်။

(င) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးအတွက် ကြိုတင်သတင်းရရှိရန် ဆက်စပ်ဌာနများ၊ ပြည်ပနိုင်ငံများနှင့် သတင်းဖလှယ်ညှိနှိုင်းရယူ စုဆောင်းရမည်။

(စ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ရမည်။

(ဆ) အများပြည်သူအသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံ ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှုမပြုလုပ်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လုံခြုံရေးအစီအမံများ ဆောင်ရွက်စေရမည်။

(ဇ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တားဆီးကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ အရည်အချင်းမြင့်မားရေး၊ ခေတ်မီပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေးအစီအမံများချမှတ်၍ ဆောင်ရွက်ရမည်။

(ဈ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှုစသည်တို့ကို အရေးယူရာတွင် ကြီးကြပ်ဆောင်ရွက်ရမည်။

(ည) ဒေသဆိုင်ရာ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအရည်အချင်းမြင့်မားရေး၊ ခေတ်မီပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပြီး ကုန်ကျစရိတ်များအတွက် ဘဏ္ဍာငွေတောင်းခံနိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ဋ) မိမိလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ အခါအားလျော်စွာ တင်ပြရမည်။

၆၇။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကချမှတ်ထားသော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ အရေးယူဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို သတ်မှတ်ထားသောအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်–

(က) ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများဟု မသင်္ကာဖွယ်တွေ့ရှိပါက သတင်းပို့ ဆောင်ရွက်ခြင်း၊

(ခ) လုံခြုံရေးဆောင်ရွက်နေသောတပ်ဖွဲ့ သို့မဟုတ် နယ်မြေရဲစခန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

(ဂ) အခင်းဖြစ်နေရာအား စစ်ဆေးခြင်း၊ သက်သေခံပစ္စည်းထိန်းသိမ်းခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဃ) ပြောင်းရွှေ့ကယ်ဆယ်ခြင်းနှင့် ရွှေ့ပြောင်းရေးဆောင်ရွက်ခြင်း။

**အခန်း (၁၂)**

**အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေး**

၆၈။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် –

(က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူလူထု၏ အကူအညီကိုရယူဆောင်ရွက်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်များ ချုပ်ဆိုရေးအတွက် ဗဟိုအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ဂ) အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား တားဆီးကာကွယ်ရေး အစီအစဉ်များချမှတ်ပြီး ပြည်တွင်းပြည်ပ၌ ကွန်ပျူတာကွန်ရက် ထူထောင်၍ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်း၊

(ဃ) အကြမ်းဖက်မှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် အကြမ်းဖက်မှုအန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် သတင်းဖြန့်ချိရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ခြင်း၊

(င) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးအတွက် အကြမ်းဖက်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ တားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များကို အရည်အချင်းပြည့်မီပြီး ကျွမ်းကျင်မှု ရှိစေရန် လေ့ကျင့်သင်တန်းများပေးခြင်း၊

(စ) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးအတွက် နည်းဥပဒေခွဲ(င)ပါ အဖွဲ့များအား လမ်းညွှန်မှုပေးခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဆ) အကြမ်းဖက်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ချက်အရ အကြမ်းဖက်ခံရသည့်နေရာများကို ထိန်းချုပ်ဖော်ထုတ်ခြင်းနည်းစနစ်ကို အသုံးပြုနိုင်ရန် တင်ပြလာသည့်အခါ စိစစ်ခွင့်ပြုခြင်းနှင့် လိုအပ်ပါက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှုများဖြစ်ပွားရာတွင် အကြမ်းဖက်ခံရသူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးတို့အတွက် ကျွမ်းကျင်သောဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်ပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊

(ဈ) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့်တန်ပြန်တိုက်ခိုက်ရေးတို့ ဆောင်ရွက်ရာတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများနှင့် ငွေကြေးများကို ဗဟိုအဖွဲ့သို့ တင်ပြတောင်းခံပြီး ပံ့ပိုးပေးခြင်း၊

(ည) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများကို အရေးယူရာတွင် ခိုင်လုံသောအထောက်အထားများဖြင့် တရားစွဲဆို တင်ပို့နိုင်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့၏ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း၊

(ဋ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုမှုများတွင် အကြမ်းဖက်ခံရသူများနှင့် သက်သေများ၏ လုံခြုံရေးကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ် ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် လိုအပ်ပါက ဗဟိုအဖွဲ့သို့တင်ပြ၍ ဆောင်ရွက်ခြင်း၊

(ဍ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများကို တရားစွဲဆိုအရေးယူရာတွင် သက်ဆိုင်ရာတပ်ဖွဲ့ဝင်များအား လိုအပ်သော အကူအညီများပေးခြင်း၊

(ဎ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အကြမ်းဖက်မှုဖြစ်စဉ်အပေါ် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ချက်များနှင့် အကြံပြုချက်များကို ဗဟိုအဖွဲ့သို့ တင်ပြအစီရင်ခံခြင်း၊

(ဏ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ လိုအပ်သလို အရေးယူဆောင်ရွက်ရန်အတွက် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(တ) ဗဟိုအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၁၃)**

**စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူခြင်း**

၆၉။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ လွှဲအပ်တာဝန်ပေးအပ်ချက်အရ အကြမ်းဖက်မှုနှင့်သက်ဆိုင်သည့် သက်သေခံငွေကြေး၊ ပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်နိုင်သည်–

(က) အကြမ်းဖက်မှုဆိုင်ရာပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် အဆိုပါ သက်သေခံပစ္စည်းကို ပိုင်ဆိုင်သူ၊ လက်ဝယ်ထားသူနှင့် အကြမ်းဖက်မှုဖြင့် စုံစမ်းစစ်ဆေးခြင်းခံရသူအား ထုတ်ဆင့်သည့် တားမြစ်ချက်၊ ထိန်းချုပ်မိန့်နှင့် ထိုအမိန့်တို့ကို ရုပ်သိမ်းသည့်အမိန့်၊

(ခ) သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခွင့်၊ သက်ဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံသို့ ထုတ်ဆင့်သည့်အမိန့်၊

(ဂ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသောငွေကြေး၊ ပစ္စည်းနှင့်အကျိုးအမြတ်များမှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များကို ထုတ်ယူခြင်းမပြုရန် အဆိုပါသက်သေခံပစ္စည်းကို အပ်နှံသူထံသို့လည်းကောင်း၊ ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့သို့လည်းကောင်း ထုတ်ဆင့်သည့် တားမြစ်ချက်။

၇၀။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်သည့်အမိန့်မိတ္တူကို စုံစမ်းစစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းတို့ ပြုရာတွင် လိုအပ်သလို အသုံးပြုနိုင်ရန် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီး နှိမ်နင်းရေးတပ်ဖွဲ့သို့ ပေးပို့ရမည်။

၇၁။ နည်းဥပဒေ ၆၉ အရ အမိန့်ထုတ်ဆင့်ခံရသူ မည်သူမျှ ထိုအမိန့်ပါ တားမြစ်ချက် သို့မဟုတ် ထိန်းချုပ်မိန့်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၂။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အကြမ်းဖက်သမားများအား အရေးယူခြင်းတို့ ဆောင်ရွက်နိုင်ရန် အမှုတစ်ခုချင်းအလိုက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်တစ်ဦး သို့မဟုတ် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးက အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သည့် အရာထမ်းနှင့် အမှုထမ်းအနည်းဆုံး ၃ ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော အောက်ပါအဖွဲ့များကို ဖွဲ့စည်း၍ တာဝန်ပေးရမည်–

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(ခ) တားဆီးနှိမ်နင်းရေးတပ်ဖွဲ့။

၇၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်း ကော်မတီနှင့်လုပ်ငန်းအဖွဲ့တို့၏ လမ်းညွှန်ချက်နှင့်အညီ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့် ပစ္စည်းများကို အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများသို့ မရောက်ရှိစေရေးနှင့် ၎င်းတို့အတွက် ငွေကြေးထောက်ပံ့သည့်လမ်းကြောင်းများ ဖော်ထုတ်ရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအား ဖော်ထုတ်ပြီး ဥပဒေအရ ထိရောက်သော အရေးယူခြင်းတို့ ဆောင်ရွက်ရမည်။

၇၄။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့တို့သည် ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အကြမ်းဖက်မှုအပေါ် စုံစမ်းစစ်ဆေးမှုနှင့် အရေးယူမှု ပြုလုပ်သော တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အခြားတားဆီး နှိမ်နင်းရေးတပ်ဖွဲ့များ၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲရမည်။ ၎င်းတို့၏ စုံစမ်းစစ်ဆေး ဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ်တင်ပြရန် ညွှန်ကြားရမည်။

၇၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့် ပစ္စည်းများကို အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများသို့ မရောက်ရှိစေရေးအတွက် စိစစ်ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာဌာနများ သို့မဟုတ် ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပုံမှန် သို့မဟုတ် ရှောင်တခင် စိစစ်ကြပ်မတ်စစ်ဆေးနိုင်ရန် ညွှန်ကြားရမည်။

(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်ရယူရန် မရည်ရွယ်သော အဖွဲ့အစည်းများအဖြစ် အသွင်ယူကာ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်အုပ်စုကို ငွေကြေးထောက်ပံ့ရန် လမ်းကြောင်းအဖြစ် အသုံးပြုရန်ရည်ရွယ်ဆောင်ရွက်ခြင်း စသည်တို့အပေါ် တားဆီးအရေးယူနိုင်ရန် စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူမှုအစီအမံများ ချမှတ်ခြင်း ဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းနှင့်ရန်ပုံငွေများ ထိန်းချုပ်နိုင်ရေးအတွက် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ဘဏ်များသို့ လိုအပ်သည်များ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

(ဃ) အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်အသွင်ပြောင်းခြင်း မပြုလုပ်နိုင်ရန် အစိုးရဌာနများ၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် စီးပွားရေးအဖွဲ့အစည်းများ ပူးပေါင်း၍ စောင့်ကြည့်ခြင်းနှင့် သတင်းဖလှယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကျင်းပ



**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းမှ အဖွင့်အမှာစကားပြောကြား၍ နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။**(ယာပုံ)**

နှီးနှောဖလှယ်ပွဲ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း အစီအစဉ်များတွင် main symposium အဖြစ် Quality Care in Medical Practice (အရည်အသွေးရေးရှု ကျန်းမာရေးစောင့်ရှောက်မှု) အကြောင်းကို ဆွေးနွေးကြပြီး၊ Genomic medicine in Myanmar–Current and Future Applications (မျိုးရိုးဗီဇဆိုင်ရာ ဆေးပညာကို လက်ရှိနှင့် အနာဂတ်အသုံးချမှုများ)၊ Professor Ouppatham က Role of calcitriol in the management of chronic kidney disease (နာတာရှည်ကျောက်ကပ်ရောဂါ ကုသမှုအတွက် ဗီတာမင်ဒီ၏ အခန်းကဏ္ဍ)၊ Living with Hypertension (သွေးတိုးရောဂါအတွက် ပြောင်းလဲကျင့်သုံးရမည့် လူနေမှုပုံစံသစ်)၊ Surgery Updates in Management of gastric cancer ၊ Inguinal Hernia and Sepsis၊ Dr. Takayuki Inagaki နှင့် မြန်မာဆရာဝန်ကြီးများက Updates in Neurosur–gery (ဦးနှောက်အာရုံကြောခွဲစိတ်ရောဂါများ နောက်ဆုံးပေါ် ခေတ်မီကုသမှု နည်းလမ်းများ)၊ Updates in management of Colorectal cancer (အူမကြီးကင်ဆာကုသမှု နောက်ဆုံးပေါ် ခေတ်မီကုသမှုနည်းလမ်းများ)၊ Haematopathological cases၊ Update in endoscopic surgery၊ Safe anaesthesia for every patient today၊ Updates on Prevention of Cervical Cancer ၊ update on Endocopic surgery (ကိုယ်တွင်းကြည့်မှန်ပြောင်းဖြင့် ခွဲစိတ်မှု နောက်ဆုံးပေါ် ခေတ်မှီကုသမှုနည်းလမ်းများ)၊ Safe anaesthesia (လုံခြုံစိတ်ချရစေရာ၊ မေ့ဆေးပေးစဉ်အချိန်တိုင်းမှာ)၊ Haematopath–ological Cases (သွေးရောဂါဖြစ်ပွားနေသော လူနာများ၏ ဖြစ်စဉ်ကို တင်ပြခြင်း)၊ Professor Dr. Tan Soo Young က Pathology Special Talk အဖြစ် Challenges in Diagnosis of Lymphoma၊ Standard care in cardiology(အရည်အသွေးရေးရှု နှလုံးကုသမှု)၊ Dr. Sanjay Kalra က Basal insulin Addressing the Fasting Plasma Glucose Challenge(မနက်စာမစားမီ ဆီးချိုသွေးချိုကို အင်ဆူလင်ဖြင့် ထိန်းညှိခြင်း) ၊ Osteoporosis: “Not to Miss”(အရိုးပါး အရိုးပွရောဂါ မမေ့လျော့သင့်ပါ)၊ Updates in Management of Common Hepatobiliary Problems (အသည်း၊ သည်းခြေလမ်းကြောင်းနှင့် ပန်ကရိယဆိုင်ရာ ရောဂါများ၏ နောက်ဆုံးပေါ် ကုသနည်းများ)၊ Integrative care of Pain (နာကျင်မှုဝေဒနာအား စုပေါင်းကုသခြင်း)၊ Dr Taweesak Chotivatanapong နှင့် Dr.Suphasit Sathitrakool တို့က IHD: Stable Angina and Longterm treatment (နှလုံးသွေးကြောကျဉ်းရောဂါအတွက် ရေရှည်ကုထုံးများ)၊ (Standard Practice in Gastroenterology) (အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ စံပြုကုထုံး) ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများက ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ယနေ့တွင် မာန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူများကို ဆေးရုံရေယာဉ်ပေါ်၌ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက်အဆိုပါလူနာများကို မာန်အောင်မြို့ဆိပ်ကမ်းသို့ တပ်မတော် ရေယာဉ်ဖြင့် ပြန်လည် ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၂ ဦးကို မာန်အောင်မြို့ရှိ မြို့နယ်ခန်းမ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆက်လက် ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ယနေ့တွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၇၅ ဦး၊ ခွဲစိတ်ရောဂါ ခုနစ်ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၄ ဦး၊ ကလေးရောဂါ ခြောက်ဦး၊ အရိုးရောဂါ ၂၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၁၂ ဦး၊ မျက်စိရောဂါ ၂၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ တစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်အထူးကုဆေးအဖွဲ့များ ပါဝင်သော တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)သည် မာန်အောင်မြို့မှ ကျောက်ဖြူမြို့နယ်၊ စနဲမြို့သို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယနေ့ နေ့လယ်ပိုင်းတွင် ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရှိရသည်။





ဒေသခံပြည်သူများ။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရသည်။

“ဦးတို့ဒေသက သီးခြားကျွန်းဖြစ်တဲ့အတွက် တခြားဒေသတွေနဲ့ ကူးလူးဆက်ဆံရတာ အခက်အခဲတွေအများကြီး ရှိပါတယ်။ အထူးသဖြင့် မိုးတွင်းကာလတွေမှာဆိုရင် လှိုင်းတွေကြီးတဲ့အတွက် ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဆေးကုသမှုလုပ်ငန်းတွေကို သွားဖို့အတွက် အခက်အခဲတွေ အများကြီး ရှိပါတယ်။ ဒေသခံတွေအတွက်တော့ အများကြီးအကူအညီရပါတယ်။ ဘာလို့လဲဆိုတော့ အဝေးကို သွားပြီးတော့ မကုနိုင်တဲ့သူတွေ မိမိဒေသမှာ ကိုယ်တိုင်လာရောက်ကုသပေးတဲ့ အတွက် အများကြီး သက်သာရာလည်း ရပါတယ်။ စိတ်ချမ်းသာမှုတွေလည်း အများကြီးရပါတယ်။ ဦးကတော့ မြို့မိမြို့ဖလည်းဖြစ်တဲ့အတွက် ဒီမှာလိုအပ်တာလေးတွေ၊ လူမှုရေးဆိုင်ရာလိုအပ်တာလေးတွေကို လူနာလာပို့တဲ့သူတွေကိုရော၊ လူနာစောင့်တွေကိုရောညှော့ခံကျွေးမွေးဖို့အတွက် ဝိုင်းဝန်းကူညီပေးပါတယ်။ လာရောက်ကုသပေးဖို့အတွက် လမ်းညွှန်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့မိသားစုကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အခုလိုပဲ သံလွင်သင်္ဘောက ဦးတို့ဆီကို လာပြီးတော့ တကူးတက ကိုယ်တွေ့လာရောက် ကုသပေးတဲ့အတွက် ကျွန်းသူ၊ ကျွန်းသားများကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်”**(ဝဲပုံ)**

“ကျွန်တော့်ရဲ့သွားက လှုပ်နေတဲ့အတွက် နုတ်ချင်လို့ပါ။ သွားရောဂါပေါ့။ ဒါကိုကုသချင်တဲ့ဆန္ဒနဲ့ ဒီကိုလာခဲ့တယ်။ ကျွန်တော်တို့ မာန်အောင်မြို့နယ်အတွက် သွားဘက်ဆိုင်ရာကိစ္စနဲ့ပတ်သက်လို့ အခက်အခဲတွေ အများကြီးရှိတာပေါ့။ အခုလိုလာရောက်ပြီး ကုသပေးတာ၊ အခုလိုတကူးတက လာပြီး ဆောင်ရွက်ပေးတာကြောင့် ကျွန်တော့်တို့အနေနဲ့လည်း ကုသဖြစ်တယ်။ ကျွန်တော့်အနေနဲ့လည်း အထူးပဲဝမ်းသာတယ်။ ကျွန်တော်တို့မာန်အောင်မြို့မှာက အထွေထွေရောဂါဆေးကုဌာန တစ်ခုပဲရှိပါတယ်။ ဒါပေမဲ့ အခုဒီနေရာမှာ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ၊ သွားဘက်ဆိုင်ရာရယ် အဘက်ဘက်က စုံလာတဲ့အတွက် ကုသမှုကလည်း သူ့ကဏ္ဍနဲ့သူ၊ သူ့ဌာနနဲ့သူ သီးခြားစီခွဲထားတော့ ပိုပြီးတော့ အဆင်ပြေတယ်လို့ မြင်မိပါတယ်။ အတတ်နိုင်ဆုံးကြိုးစားပြီးတော့ လူနာတွေကို အဆင်ပြေအောင် ဆောင်ရွက်နေတာ ကျွန်တော်တို့အနေနဲ့ တွေ့မြင်ရပါတယ်။ ဒီလိုနိုင်ငံတော်အကြီးအကဲ ကနေပြီးတော့ ပြည်သူအတွက် ဒီလိုစေတနာသန့်သန့်ရှင်းရှင်းနဲ့ကူညီပံ့ပိုးလို့ ပြည်သူအပေါ်မှာ ဒီလိုဆောင်ရွက်ပေးတဲ့ ဟာကို ကျွန်တော်တို့ဘက်က အဆုံးတိုင်ကျေးဇူးတင်ပါတယ်။ ကိုယ်ကျိုးမဖက် ကိုယ့်မိသားစုအတွက် မပါဘဲနဲ့ ပြည်သူအတွက်တတ်နိုင်တဲ့ဘက်ကနေပြီး ပြည်သူ့အတွက် စွမ်းစွမ်းတမံလုပ်ကိုင်ဆောင်ရွက်ပေးတာကို ကျွန်တော်တို့အနေနဲ့ အများကြီး ဝမ်းသာပါတယ်။ ဒီလိုပဲ ဝိုင်းဝန်းပြီး ပြည်သူကို တတ်နိုင်သလောက် တစ်ဖက်တစ်လမ်းက နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်ပေးနိုင်ပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်။”

**သတင်းစဉ်**



# ပိုင်ကျုံမြို့၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေရေး ဆောင်ရွက်

**ပိုင်ကျုံ မတ် ၁၁**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး အနေဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူများ လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ် ရရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် မတ် ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်သည်။**(ယာပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပိုင်ကျုံမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မြို့လျှပ်စစ်မှူး ဦးသီဟနှင့် လျှပ်စစ်ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ကာ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် မီတာများလဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား စစ်ဆေးပြုပြင်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ဘီ**



## လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် မတ် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တိုင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက ကျေးဇူးတင် အမှာစကား ပြောကြားသည်။ ထို့နောက် စေတနာရှင်အလှူရှင်များက ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက်စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက စေတနာရှင် အလှူရှင်များကို ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံကြိုးစားထမ်းဆောင်နိုင်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို တိုင်းမှူးက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ရာ ဆုရရှိကြသူများက လက်ခံရယူကြသည်။

ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုလှူဒါန်းသည့် စေတနာရှင် အလှူရှင်များ၏ ကိုယ်စားတာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် တောင်သူများနှင့် လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လိုအပ်

**နေပြည်တော် မတ် ၁၁**

နွေစပါးစိုက်ပျိုးမည့် တောင်သူများအတွက် အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်သော သွင်းအားစုများကို အသုံးပြုနိုင်ရေးအတွက် နိုင်ငံ့စီပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စီမံဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အပြန်အလှန် အကျိုးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာနများ၏ စိုက်ပျိုးပညာလုပ်ငန်းတွင် ဟန်ချက်ညီပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဆရာစံခန်းမတွင် ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်တောင်သူများ၊ အလုပ်ရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောကြားသည်။



အခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ သွင်းအားစုလုပ်ငန်းရှင်အစုအဖွဲ့များ၊ ဝယ်ယူကြိတ်ခွဲမှု လုပ်ငန်းရှင်အစုအဖွဲ့များ၊ သာယာဝတီမြို့နယ် နွေစပါးစိုက်တောင်သူများ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များ၊ တောင်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာယာဝတီမြို့နယ် သင်တောရိုးအုပ်စုရှိ စပါးသီးနှံ တစ်နှစ်သုံးသီး ၁၀၈ဧ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးရာ သင်တန်းကျောင်းအုပ်ကြီးက သင်တန်းကျောင်း၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ခေတ်မီတိုးတက်မှုရှိသော မြေစာရင်း ဖွံ့ဖြိုးမှုဆိုင်ရာ သင်ကြားမှုလုပ်ငန်းများ အဆင့်မြှင့်တင်ရေး၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒနှင့် စီမံကိန်းလုပ်ငန်းများတွင် အကောင်းဆုံး အထောက်အပံ့ ပြုနိုင်သည့် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းကိန်းဂဏန်း အချက်အလက်များဖြစ်စေရေး ကြိုးပမ်းရန်၊ စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးနှင့် မြေစာရင်းပညာဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။(**အပေါ်ဝဲပုံ**)

**သတင်းစဉ်**

## နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများဖြင့် ရှင်သန်သက်ဝင်နေသော နည်းပညာတက္ကသိုလ်ဖြစ်စေရေး အလေးထားဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ် ၉ ရက်က ရန်ကုန်နည်းပညာ တက္ကသိုလ် (YTU)၌ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံ့ပထမဆုံး အင်ဂျင်နီယာတက္ကသိုလ် ဖြစ်ပြီး Center of Excellence အဆင့်မြင့် နည်းပညာတက္ကသိုလ် ဖြစ်သဖြင့် နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသည့် အရည်အသွေးအာမခံမှု စနစ်ရှိရန်နှင့် Facility များ ပြည့်စုံ၍ ခေတ်မီသင်ကြားသင်ယူစနစ်များဖြင့် လည်ပတ်ဆောင်ရွက်ရန်၊ အရည်အသွေး ပြည့်မီသည့် အင်ဂျင်နီယာစွမ်းအား အရင်းအမြစ်များအား စဉ်ဆက်မပြတ် မွေးထုတ်သွားရန် တိုက်တွန်းမှာကြားသည်။




ထို့နောက် ဒုတိယဝန်ကြီးသည် ပင်မဆောင်အနီးဝန်းကျင်နှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေး၍(ဝဲပုံ) တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်စွာ ရေရှည်တည်တံ့ရေးနှင့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ် ပရိဝုဏ်ဖြစ်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားပြီး ပင်မဆောင်နှင့် Theaterများ ရှိစာမေးပွဲခန်းများတွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန် အင်ဂျင်နီယာ သင်တန်းများမှ ကျောင်းသားများ အေးချမ်းစွာ နှစ်ဝက်စာမေးပွဲ ဖြေဆိုမှုများကို ကြည့်ရှုအားပေးကာ ကျောင်းသားများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Myanmar Japan Technological Development Center-2 သို့ ရောက်ရှိပြီး တိုကျိုတက္ကသိုလ်ရှိ Lab အဆင့်အတန်းနှင့်ကိုက်ညီအောင် ဖြည့်ဆည်းထားသော Wind Tunnel Room၊ Concrete Lab ၊ Soil Lab ၊ Structural Lab သုတေသနပြုစမ်းသပ်ခန်းများကို ကြည့်ရှုစစ်ဆေးကာ ဆရာများ သုတေသနခုံမင်ကြရန်၊ နိုင်ငံ့အကျိုးပြုသုတေသန လုပ်ငန်းများဖြင့် Lab ခန်းများ ရှင်သန်သက်ဝင်စေရန်၊ Research-Intensive University ဖြစ်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် University Ranking မြင့်မားရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် G-Hall ၊ ဝန်ထမ်းအိမ်ရာ၊ ဘောလုံးကွင်းနှင့် ဘက်စုံသုံးအားကစားရုံ တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ဖြည့်စွက်တင်ပြမှု အပေါ် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို Plan အလိုက် အရည်အသွေး ပြည့်မီစွာ ဆောင်ရွက်ပြီးစီးရေး ကွပ်ကဲရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ် ၅၃ စီး ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မတ် ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံး မော်တော်ယာဉ် ၁၅ စီးနှင့် Grand Sirius Co.,Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ် ၃၈ စီး စုစုပေါင်း လျှပ်စစ်သုံး မော်တော်ယာဉ် ၅၃ စီးသည် ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပြီး အဆိုပါ လျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



# ပြင်သစ်နှင့် ဗြိတိန်ခေါင်းဆောင်များ ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ထိပ်သီးဆွေးနွေးပွဲကျင်းပ

**လန်ဒန် မတ် ၁၁**

ပြင်သစ်နှင့် ဗြိတိန်မှ ခေါင်းဆောင်များသည် ငါးနှစ်တာကာလအတွင်း ၎င်းတို့၏ ပထမဦးဆုံး ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ ယခုကဲ့သို့ပြန်လည်တွေ့ဆုံမှုကို ကြိုဆိုခဲ့ကြပြီး လုံခြုံရေးနှင့်ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ကတိပြုခဲ့ကြသည်။ ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့သည် မတ် ၁၀ ရက်ကပြင်သစ်နိုင်ငံ ပါရီမြို့၌ တွေ့ဆုံခဲ့ကြသည်။

ဝန်ကြီးချုပ်ဆူနက်မတိုင်မီက တာဝန်ထမ်းဆောင်ခဲ့သူများသည် ဗြိတိန်ကို ဥရောပသမဂ္ဂမှ ခွဲခွာရန် လမ်းကြောင်းပေါ်တင်ခဲ့ကြသည်။ ငါးဖမ်းမှုဆိုင်ရာအခွင့်အရေးများ၊ ကိုဗစ်-၁၉ကာကွယ်ဆေးနှင့် အခြားသောပြဿနာရပ်များကို ဆွေးနွေးရာတွင် ပူးပေါင်းဆောင်ရွက်မှုများကို ခေါင်းဆောင်နှစ်ဦးစလုံးက အသိအမှတ်ပြုခဲ့ကြသည်။ ဥရောပမိတ်ဖက်များနှင့် ရင်းနှီးစွာပူးပေါင်း ဆောင်ရွက်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အနီးဆုံးအိမ်နီးချင်းဖြစ်သည့် ပြင်သစ်နိုင်ငံမှစတင်လိုသည်ဟု ဗြိတိန်ဝန်ကြီးချုပ်က ပြောသည်။

အင်္ဂလန်ရေလက်ကြားကို ဖြတ်ကာ ရွှေ့ပြောင်းနေထိုင်သူများ အလုံးအရင်းလိုက်ဝင်ရောက်လာခြင်းကို ရပ်တန့်ရန်လည်း လုပ်ဆောင်သွားမည်ဟု ၎င်းက ပြောသည်။ ရွှေ့ပြောင်းနေထိုင်သူများ အလုံးအရင်းလိုက် ဝင်ရောက်လာခြင်းကို ရပ်တန့်ရန် ကြိုးပမ်းခြင်းမှာ ဆူနက်ဝန်ကြီးချုပ်ဖြစ်လာသည့်အချိန်မှစတင်၍ အလေးအနက်ထားလုပ်ဆောင်ခဲ့ခြင်းလည်း ဖြစ်သည်။

ထိန်းသိမ်းရေးစခန်းများ ပြင်သစ်တွင် တည်ဆောက်ရန် ယူရို သန်း ၅၀၀ ကျော်ပေးရန် သဘောတူခဲ့ပြီး ပြင်သစ်လုံခြုံရေးအရာရှိများ ကင်းလှည့်ရန်အတွက် ရန်ပုံငွေများပေးအပ်ရန် သဘောတူခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့ကို မတ် ၁၀ ရက်က တွေ့ရစဉ်။



နာဆာ၏ စပေ့ဖ်အိတ်စ် ခရူး-၅ မစ်ရှင်မှ အာကာသယာဉ်မှူး လေးဦး။

# နာဆာ၏ စပေ့ဖ်အိတ်စ် ခရူး-၅ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်မည်

**လော့စ်အိန်ဂျလိစ် မတ် ၁၁**

နာဆာ၏ စပေ့ဖ်အိတ်စ် ခရူး-၅ မစ်ရှင်သည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) ချိတ်ဆက်မှုမှ ခွဲထွက်ကာ မတ် ၁၁ ရက်တွင် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း နာဆာ၏ ထုတ်ပြန်ချက်အရ သိရသည်။

စပေ့ဖ်အိတ်စ်ဒရက်ဂွန်အာကာသယာဉ်သည် မတ် ၁၁ ရက် အရှေ့ပိုင်းစံတော်ချိန် နံနက် ၂ နာရီ ၅ မိနစ်တွင် အိုင်အက်စ်အက်စ်မှ ခွဲထွက်ကာ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာမည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာ သို့မဟုတ် ဖလော်ရီဒါကမ်းလွန် မက္ကဆီကိုပင်လယ်ကွေ့သို့ မတ် ၁၁ ရက် ည ၉ နာရီ ၂ မိနစ်တွင် ဆင်းသက်ရန် စီစဉ်ထားကြောင်း နာဆာက ထုတ်ပြန်ထားသည်။

ထို့ကြောင့် နာဆာအာကာသယာဉ်မှူးများဖြစ်သည့် ဂျို့စ်ကက်စ်ဆာဒါနှင့် နီကိုးမန်း၊ ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီ အာကာသယာဉ်မှူး ကိုချိဝါကာတာနှင့် ရုရှားကော့စ်မို့စ် အာကာသယာဉ်မှူး အန်နာ ကီနီကာတို့၏ ခြောက်လနီးပါးကြာ သိပ္ပံဆိုင်ရာမစ်ရှင်ကို အဆုံးသတ်သွားမည်ဖြစ်သည်။ **ဆင်ဟွာ**

# အီရန်-ဆော်ဒီအာရေဗျသံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်သည့်အပေါ် ကြိုဆိုကြောင်း အမေရိကန်အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ်ပြော

**နယူးယောက် မတ် ၁၁**

အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ပြန်လည် ထူထောင်သည့်အပေါ် ကြိုဆိုကြောင်း အိမ်ဖြူတော် အမျိုးသားလုံခြုံရေး ကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြောသည်။ အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများအရှိန်လျော့ကျသွားစေရေး အတွက် ကြိုးပမ်းအားထုတ်မှုမှန်သမျှကို အမေရိကန် ပြည်ထောင်စုက ကြိုဆိုကြောင်း ကာဘီက မတ် ၁၀ ရက်က ပြောသည်။



အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီ။

တချိန်တည်းမှာပင် အီရန်သည် ၎င်းတို့၏ သဘောတူညီချက်များအတိုင်း အလေးထားခြင်း ရှိ မရှိကို စောင့်ကြည့်ရဦးမည်ဟု ၎င်းက ပြောသည်။ ယင်းသဘောတူညီမှုသည် ဆော်ဒီနှင့်အစ္စရေးတို့ ပုံမှန်ဆက်ဆံရေး လုပ်ဆောင်နိုင်ခြင်းကို ဖော်ဆောင်နိုင်ခြင်း ရှိ မရှိနှင့် လွှမ်းမိုးသက်ရောက်နိုင်မှု ရှိ မရှိမှာမူ မသဲကွဲသေးချေ။

အဆိုပါ လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နိုင်ရေးကိုမူ အမေရိကန်က ဆက်လက်ထောက်ခံပေးသွားမည်ဖြစ်သည်။ အစ္စရေးနှင့် အိမ်နီးချင်းအာရပ်နိုင်ငံများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာခြင်းမှာ လူတိုင်းအတွက် ပိုမိုကောင်းမွန်သည့်အရာဖြစ်သည်ဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယ၏ ပြည်တွင်းခရီးသည်တင်ယာဉ်ရောင်းချမှု ဖေဖော်ဝါရီတွင် ၁၁ ရာခိုင်နှုန်း မြင့်တက်လာဟုဆို

**နယူးဒေလီ မတ် ၁၁**

ပြည်တွင်းခရီးသည်တင်ယာဉ် (ပီဗွီ) ရောင်းချမှုသည် ဖေဖော်ဝါရီလတွင် ၂၉၁ ၉၂၈ စီးရှိခဲ့သည့်အတွက် နှစ်အလိုက် ၁၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အိန္ဒိယမော်တော်ယာဉ်ထုတ်လုပ်သူများအသင်း (အက်စ်အိုင်အေအမ်)က မတ် ၁၀ ရက်တွင် ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

ယမန်နှစ်က ပြည်တွင်းခရီးသည်တင်ယာဉ် ရောင်းချရမှုမှာ ၂၆၂၉၈၄ စီးသာရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဧပြီမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီအထိ ခရီးသည်တင်ယာဉ်ထုတ်လုပ်မှုပေါင်း ၂၂၇၅၀၉၇၉ စီးရှိခဲ့သည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံ၌ နှစ်ဘီးတပ်ယာဉ်ရောင်းချရမှုသည် ဖေဖော်ဝါရီလတွင် ၁၁၂၉၆၆၁ စီးရှိခဲ့ရာ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် သုံးဘီးတပ်ယာဉ် ရောင်းချရမှုသည် ဖေဖော်ဝါရီလတွင် ၅၀၃၈၂ စီးခဲ့ကြောင်း သိရသည်။

အဓိက မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အင်ဂျင်ထုတ်လုပ်သူများ ကိုယ်စားပြုသော အဖွဲ့က ဖေဖော်ဝါရီလတွင် သုံးဘီးတပ်၊ နှစ်ဘီးတပ်နှင့် လေးဘီးတပ်ယာဉ်ထုတ်လုပ်မှုပေါင်းသည် ၁၇၅၄၉၂၂ စီး ရှိခဲ့ကြောင်း ပြောသည်။

**ဆင်ဟွာ**

# ဘရူနိုင်း၌ ယမန်နှစ်က နိုင်ငံခြားလုပ်သား ၆၀၀၀၀ ကျော်ရှိ

**ဘန်ဒါဆီရီဘီဂါဝန် မတ် ၁၁**

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် တရားဝင်အလုပ်ပါမစ်နှင့်အတူ ဘရူနိုင်းနိုင်ငံ၌ အလုပ်လုပ်နေသော နိုင်ငံခြားလုပ်သားပေါင်းမှာ ၆၀၂၉၃ ဦးရှိကြောင်း (၁၉) ကြိမ်မြောက် ဥပဒေပြုကောင်စီအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီး ဟာဂျီအာမန်ဒင်းက ပြောသည်။

ဆောက်လုပ်ရေးကဏ္ဍတွင် နိုင်ငံခြားလုပ်သား ၁၆၄၄၄ ဦး၊ လက်လီ၊ လက္ကားနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးကဏ္ဍတွင် ၁၂၁၉၁ဦးနှင့် တည်းခိုခန်းဆိုင်ရာနှင့် စားသောက်ခန်းဆိုင်ရာကဏ္ဍများတွင် ၈၃၈၆ ဦးရှိကြောင်း ဥပဒေပြုကောင်စီအဖွဲ့ဝင်တစ်ဦး၏ မေးမြန်းချက်ကို အဆိုပါ ဝန်ကြီးက ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့်နှစ် အလုပ်သမားဦးစီးဌာန၏ စစ်တမ်းကောက်ယူမှုကိုးကားချက်အရ နိုင်ငံခြားလုပ်သား ၃၀၆၁၂ ဦးအနက် အများစုမှာ အသက် ၃၀မှ ၄၀ အတွင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားလုပ်သားအများစုမှာ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြောင်း အာမန်ဒင်းက ပြောသည်။ အရှေ့တောင်အာရှတွင် တည်ရှိသော ဘရူနိုင်းနိုင်ငံသည် ၂၀၂၁ ခုနှစ်၌ နိုင်ငံ၏ လူဦးရေ ၄၄၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ မြေပြိုမှုကြောင့် သေဆုံးသူ ၃၆ ဦးအထိတိုးလာ

**ဂျကာတာ မတ် ၁၁**

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း နက်တူနာဒေသ၌ မြေပြိုမှုကြောင့်သေဆုံးသူဦးရေမှာ ၃၆ ဦးအထိရှိလာသည်ဟု သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီကပြောသည်။ မြေပြိုမှုဖြစ်ပွားရာနေရာမှ အလောင်း ၃၆လောင်းကို တွေ့ရှိခဲ့ကြောင်းနှင့် ၁၈ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း မူဟာရီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မိုးအဆက်မပြတ်ရွာသွန်းမှုဖြစ်ပွားခဲ့ပြီး မတ် ၆ ရက် မွန်းလွဲပိုင်းတွင် မြေပြိုမှုဖြစ်ပွားခဲ့သည်။ ကျေးရွာသုံးရွာ မြေကြီးအောက်ရောက်ခဲ့ရပြီး လူပေါင်းထောင်နှင့်ချီ၍ ယာယီတဲများတွင် နေထိုင်နေရသည်။ အင်ဒိုနီးရှားနိုင်ငံသည်မိုးရာသီတွင် ရေကြီးမြေပြိုမှုအစရှိသော သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရလေ့ရှိသည်။ **ဆင်ဟွာ**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၂ ရာခိုင်နှုန်းရှိ

**(၁၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၉၇,၆၆၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၅၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၄၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၅ | ၂၃၂၀ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၈ | ၂၀၇၂ |
| 95 Ron | ၂၀၈၀ | ၂၁၅၅ |
| HSD (500 ppm) | ၂၀၀၄ | ၂၀၇၃ |
| HSD (50 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (10 ppm) | ၂၀၇၈ | ၂၁၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မြတ်ဗုဒ္ဓရဲ့ ဝဲယာအစုံခြေတော်ရာကို ဖူးတွေ့ရမယ့် မအီခြေတော်ရာ ခရီးစဉ်





ယဉ်လာဒ်

**မအီခြေတော်ရာဆိုတာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ကိုးကွယ်ဆည်းကပ်ရာ မြတ်စွာဘုရားရဲ့ ဝဲ၊ ယာ ခြေတော်ရာတွေဖြစ်ပြီး ပါဒစေတီဝင် ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ရှားရှားပါးပါး ဖူးမြော်ခွင့်ရတဲ့ ဗုဒ္ဓမြတ်စွာ ဘုရားရှင်ရဲ့ ဝဲယာအစုံ ခြေတော်ရာကို ရခိုင်ပြည်နယ် သံတွဲမြို့နယ်ထဲက မအီမြို့ငယ်လေးမှာ ဖူးမြော်နိုင်ပါတယ်။**

မအီခြေတော်ရာအစုံမှာ အထူးခြားဆုံးကတော့ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော ယာဘက်ခြေတော်ရာကို မြင်တွေ့ဖူးမြော်နိုင်တာဖြစ်ပြီး ခြေတော်ရာတွေကိုတော့ ၁၉၆၈ ခုနှစ်အတွင်းက ပြန်လည်ဖော် ထုတ်နိုင်ခဲ့တာလို့ သိရပါတယ်။ မအီမြို့ကနေတစ်ဆင့် ထပ်မံသွားရောက်ရတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိခဲ့တာမို့ လူသွားလူလာ အရောက်အပေါက် အတော်လေးနည်းခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ မြောက်ဦးဆရာတော်ရဲ့ ကောင်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေး အတန်အသင့် လွယ်ကူချောမွေ့ခဲ့ပါပြီ။


**မအီခြေတော်ရာသမိုင်း**

ကမ္ဘာပေါ်မှာ ပြန်ကြည့်ရင် ဗုဒ္ဓရဲ့ ခြေတော်ရာ တစ်နည်းအားဖြင့် စက်တော်ရာ ၁၁ ဆူရှိပါတယ်။ အိန္ဒိယနိုင်ငံမှာ လေးဆူ၊ သီရိလင်္ကာ သီဟိုဠ်ကျွန်းမှာ တစ်ဆူ၊ မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်မှာ သုံးဆူ၊ မကွေးတိုင်းဒေသကြီး မင်းဘူးရွှေစက်တော်မှာ တစ်ဆူ၊ ဝဒေသမှာ တစ်ဆူ၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်မှာ တစ်ဆူတို့ရှိကြပါတယ်။ အခြားနေရာတွေမှာရှိတဲ့ ခြေတော်ရာများဟာ မြတ်စွာဘုရားရဲ့ ဝဲဘက်ခြေတော်ရာတွေဖြစ်ကြပြီး ရခိုင်ပြည်နယ် မအီမှာတော့ ဝဲယာ ခြေတော်ရာအစုံ နှစ်ဆူကို တစ်ပြိုင်နက် ဖူးမြော်ကြည်ညိုနိုင်လို့ရတာပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက မဟာသက္ကရာဇ် (၁၂၃) ခုနှစ်၊ ဘီစီ (၅၅၄) မှာ ဓညဝတီ ရခိုင်ပြည့်ရှင် စန္ဒာသူရိယမင်းရဲ့ ပင့်လျှောက်ချက်အရ ရဟန္တာပေါင်း ငါးရာခြံရံလျက် ရခိုင်ပြည်သို့ ဒေသစာရီ ကောင်းကင်ခရီးဖြင့် ကြွမြန်းတော်မူခဲ့ပါတယ်။ မင်းနှင့်ပြည်သူ ကျွတ်ထိုက်သူတွေကို တရားဒေသနာများ ဟောကြားလို့အပြီး ဘုရင်မင်းမြတ်ရဲ့ လျှောက်ထားတောင်းပန်ချက်အရ မုနိလေးဆူကို သွန်းလုပ်ပူဇော်ခွင့်ပြုခဲ့ပြီး တောင်စဉ်ခုနစ် ခရိုင်ကို ဆက်လက်ကြွမြန်းတော်မူရာကနေ မအီ၊ အမ်း၊ မန်း မြစ်သုံးခု စတင်စီးဆင်းရာ၊ တြိနဒီတောင် (မြင်မတိန်) တောင်ကို ရောက်ရှိတော်မူတဲ့အခါ ဤတောင်ခြေ မအီမြစ်ကမ်းပါးဘေးဝယ်၊ နောင်အခါ မြို့ငယ်တစ်ခုတည်၍ မဟိ (မအီ) မြို့ဟု တွင်လတ္တံ့ဟု အစချီ၍ ဤဒေသ၌ "ငါဘုရားဓာတ်တော်၊ မွေတော်များစွာ ကိန်းဝပ်တော်မူလိမ့်မည်" ဟု ဗျာဒိတ်တော်စကား ဟောမိန့်ကြားကာထားတော်မူခဲ့ပါတယ်။ ထိုကနေ တစ်ဖန် မအီချောင်းဖျားရှိ နာဠာဂီရိတောင်သို့ ကြွတော်မူခဲ့ပြီး ဘဝတစ်ခုမှာ ညီအစ်ကိုတော်စပ်ခဲ့ဖူးတဲ့ မုဆိုးကြီးကို တရားဒေသနာများ ဟောကြားခဲ့ရာမှ မြတ်ဘုရားကိုယ်စား ကိုးကွယ်ရာအဖြစ် ပေးသနားတော်မူရန် လျှောက်ထားတောင်းပန်တော်မူရာ နောင်လာမယ့် အနာဂတ် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ များ၊ လောကီ၊ လောကုတ္တရာ အကျိုးတရား ဖြစ်ထွန်းမည်ကို သိမြင်တော်မူတဲ့အခါ ကိုယ်စားတော်အဖြစ် ပူဇော်နိုင်စေရန်အတွက် တရားဟောကြားတော်မူခဲ့တဲ့ နာဠာဂီရိ ဆင်တင်ကျောက်ဆောင်ပေါ်မှာ "ဝဲဘက်စက်တော်ရာ" တစ်ဆူနဲ့ မဏိသလေ ကျောက်ဆောင်ပေါ်မှာတော့ "ယာဘက် စက်တော်ရာ" တစ်ဆူကို အဓိဋ္ဌာန်ပြု ချပေးတော်မူခဲ့တယ်လို့ ဘုရားသမိုင်းမှာ ဖတ်ရှု မှတ်သားရပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ဗျာဒိတ်တော်တည်ရာ မြင့်မြတ်သောနေရာ ဖြစ်တာကြောင့် ဖူးမြင်ရသူတို့ရဲ့ စိတ်နှလုံးမှာ အေးချမ်းပြီး ကြည်ညိုမဆုံး ဖြစ်ပေါ်စေပါတယ်။ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်တိုင်အောင် စည်ကားစွာပူဇော်ခဲ့ကြပေမယ့် မြောက်ဦးခေတ်နောက်ပိုင်း နှစ်ပေါင်းများစွာ တိမ်မြုပ်နေခဲ့ရာမှ မင်္ဂလာ သုခဆရာတော် ဦးအရိယဝံသ၊ ဆရာတော်ဦးကေလာသ၊ ဦးဘသန်း၊ မောင်စောသာ၊ မောင်ညီချစ်၊ မောင်ဘအေးတို့က ၁၉၆၈ ခုနှစ် မတ်လ ၂၃ရက်နေ့မှာ ပြန်လည်ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာ မြောက်ဦးဆရာတော်က သာသနာ့တာဝန် ဆက်လက်ထမ်းရွက်ခဲ့ရာ ယခုအခါ ဇမ္ဗူမှာ ဒွေး၊ ယာမှာ ဧကေ ဆိုတဲ့အတိုင်း မြတ်ဗုဒ္ဓရဲ့ ခြေတော်ရာ တစ်စုံ ပေါ်ထွက်လာမှု မြရတု တိုင်ခဲ့ပါပြီ။

**စာမျက်နှာ ၁၇ သို့**



မအီမြို့ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ ကုန်းတော်ပေါ်ရှိ ကမာကူရ ကြေးသွန်းရုပ်ပွားတော်ကို တွေ့ရစဉ်။

**ကမ္ဘာပေါ်မှာ ပြန်ကြည့်ရင် ဗုဒ္ဓရဲ့ ခြေတော်ရာ တစ်နည်းအားဖြင့် စက်တော်ရာ ၁၁ ဆူ ရှိပါတယ်။ အိန္ဒိယနိုင်ငံမှာ လေးဆူ၊ သီရိလင်္ကာ သီဟိုဠ်ကျွန်းမှာ တစ်ဆူ၊ မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်မှာ သုံးဆူ၊ မကွေးတိုင်းဒေသကြီး မင်းဘူးရွှေစက်တော်မှာ တစ်ဆူ၊ ဝဒေသမှာ တစ်ဆူ၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်မှာ တစ်ဆူတို့ ရှိကြပါတယ်။ အခြားနေရာတွေမှာရှိတဲ့ ခြေတော်ရာများဟာ မြတ်စွာဘုရားရဲ့ ဝဲဘက် ခြေတော်ရာတွေဖြစ်**



မအီမြို့ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ ကုန်းတော်ပေါ်ရှိ အဓိဋ္ဌာန်အောင် ဆုတောင်းပြည့် လျောင်းတော်မူဘုရားကြီးကို တွေ့ရစဉ်။

စာမျက်နှာ ၁၆ မှ

### ဘုရားဖူးများ လာရောက်နိုင်

တိမ်မြုပ်နေတဲ့ မအီခြေတော်ရာကို အများပြည်သူဖူးမြော် ကြည်ညို နိုင်ဖို့ ခရီးစဉ်ဖော်ဆောင်ရေးအတွက် လမ်းကြောင်းတွေ ကြိုတင် ရှာဖွေခဲ့ရပြီး လေးငါးကြိမ်ခန့် ခက်ခဲစွာကွင်းဆင်းပြီးမှ အကောင် အထည်ဖော်နိုင်ခဲ့တယ်လို့ မအီခရီးစဉ်ကို ပြည်တွင်းဘုရားဖူးများ လွယ်လင့်တကူ သွားရောက်နိုင်ဖို့ စီစဉ်ခဲ့တဲ့ "သုခမိန်မြန်မာပြည် အနှံ့ခရီးသွားလုပ်ငန်း" ထူထောင်သူ ဦးမျိုးကြီးက စာရေးသူကို ပြောပြပါတယ်။


မအီခြေတော်ရာဖူးမြော်ဖို့ သွားရောက်မယ်ဆိုရင် မအီချောင်းနား အထိ သွားရောက်နိုင်မယ့်ကားများနဲ့ ဝင်ရောက်ကြရမှာဖြစ်ပြီး အထက်ဝဲဘက်ခြေတော်ရာကိုတော့ နာရီဝက်ဝန်းကျင် ခြေလျင်ခရီး တောင်ပေါ် တက်ရောက်ဖို့ လိုအပ်ပါတယ်။ ဦးစွာ မအီချောင်းကမ်းပါးမှာ လက်ယာခြေတော်ရာကို ဖူးတွေ့နိုင်ပြီး ရခိုင်ရိုးမရဲ့ တောင်အသွယ်သွယ် ကြားကနေ လှပစွာဖြတ်သန်းစီးဆင်းလာတဲ့ မအီချောင်းရဲ့ သဘာဝ အလှအပများကို ခံစားရင်းနဲ့ အမောအပန်းများကို ပြေစေမှာဖြစ်တဲ့ အတွက် အထက်ဝဲဘက် ခြေတော်ရာကို ဆက်လက်သွားရောက် ဖူးမြော်ရတဲ့ ခရီးဟာ ပင်ပန်းလှတယ်လို့ မယူဆနိုင်တော့ပါဘူး။

"ခြေတော်ရာ ခရီးစဉ်ကို ဖော်ဆောင်ရတာက ကြည်ညိုသဒ္ဓါတရား ဖြစ်ပေါ်စေပြီး ပီတိကိုလည်း ရရှိစေပါတယ်။ ထူးခြားတာကတော့ မပင် မပန်းဘဲ ရွှင်ရွှင်လန်းလန်း ချောချောမွေ့မွေ့ ရောက်သွားနိုင်တာပါပဲ။ အခုဆိုလမ်းတွေက ကွန်ကရစ်လမ်းတွေ ဖြစ်ကုန်ပြီ။ ကိုဗစ်ကာလမှာ ဆရာတော်ဘုရားက မွမ်းမံပြုပြင်လိုက်တာပါ။ နှစ်ပေါင်း ၅၅ နှစ်ကျော် ကြာမှ မအီခြေတော်ရာကို ပြန်ရှာတွေ့လာတယ်။ ဒါပေမယ့်လည်း သိပ်မထင်ရှားခဲ့သေးပါဘူး။ ကျွန်တော်တို့ သတင်းကြားလို့ သွားရှာတုန်း ကဆိုရင် တရားမဝင်သစ်ထုတ်တဲ့လမ်းအနေနဲ့ပဲ ရှိပါသေးတယ်။ အခု တော့ လမ်းတွေက အဆင်ပြေပြေနဲ့ သွားလာနိုင်ပါပြီ" လို့ ဦးမျိုးကြီးက ပြောပါတယ်။

### အကြိမ်ကြိမ်ဖူးမြော်လို

မအီ ဗုဒ္ဓခြေတော်ရာကို ဖူးမြော်ရခြင်း အကျိုးကျေးဇူးတွေကတော့ များလှပါတယ်။ လူသူအရောက်အပေါက်နည်းပြီး ဆိတ်ငြိမ်အေးချမ်းတဲ့ နေရာမှာ ဖူးတွေ့နိုင်ခြင်းနဲ့ တစ်ကြိမ်တစ်ခေါက် ဖူးမြော်ပြီးပါက အကြိမ်ကြိမ် ဖူးမြင်လိုတဲ့ စိတ်ဆန္ဒဖြစ်ပေါ်စေပါတယ်။ အခါကြီး ရက်ကြီး လပြည့် ညဘက်တွေမှာ ဂဠုန်၊ နဂါး၊ နတ်သိကြား၊ ဒေဝါများကို မြင်တွေ့ရတတ်တယ်လို့ ယုံကြည်ကြတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ဗုဒ္ဓခြေတော်ရာရဲ့ အခြားသော ထူးခြားချက်များကိုလည်း ဒေသခံတွေဆီကနေ ကြားသိနိုင်ပါသေးတယ်။ အခုနောက်ပိုင်းမှာ ဘုရားဖူးခရီးစဉ်ဖော်ဆောင်လာနိုင်တာနဲ့အတူ မိသားစုလိုက်၊ အဖွဲ့ လိုက် လာရောက်လည်ပတ်ကြပြီး မအီချောင်းအနီး ညအိပ်ညနေ စခန်းချကြတာ၊ ချောင်းရေဆော့ကစား အပန်းဖြေကြတာတွေလည်း ရှိလာပါပြီ။

ထူးထူးခြားခြား သည်တစ်နေရာတည်းမှာသာ ဖူးတွေ့နိုင်တဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ ဝဲယာအစုံ ခြေတော်ရာကို ရခိုင်ပြည်နယ် သံတွဲမြို့နယ် မအီဒေသဆီ အရောက်သွားကာ သဘာဝအလှအပများကို ခံစားရင်း ကုသိုလ်ယူဖူးမြော်ကြည်ညိုနိုင်ဖို့ လမ်းညွှန်လိုက်ရပါတယ်။



## ကယားပြည်နယ် လွိုင်ကော်မြို့အနီး ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ် တည်ဆောက်နေ

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်တချားကျေးရွာ အာယုသုခ ကျောင်း/ ရေထိန်းတံတားကျောင်းတွင် မတ်လဆန်းမှစတင်၍ ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ် တည်ဆောက်လျက်ရှိကြောင်း နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွား ရေး အသင်းချုပ် (မန္တလေး) မှ သိရသည်။

"လွိုင်ကော်မြို့နဲ့ ခြောက်မိုင်ဝေးတဲ့ ဟသ်ာရေခါးကျောင်းတိုက် အတွင်းမှာ မတ်လဆန်းကစပြီး ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ် တည် ဆောက်နေတာပါ၊ ဘုရားအဆူတိုင်းမှာ သူတို့ဒေသက ဖြစ်ထွန်းတဲ့ ဗောဓိပင်တွေ စိုက်မှာပါ၊ ဗုဒ္ဓဘာသာဝင်များ ဘုရား ဒါယကာ ဖြစ်ရေးအတွက် ဖုန်း ၀၉ ၉၇၅ ၇၆၄ ၃၂၃၊ ၀၉ ၄၀၂ ၆၉၂ ၅၂၂၊ ၀၉ ၆၆၀ ၈၅၀ ၃၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်" ဟု နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွား ရေးအသင်းချုပ် (မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

လွိုင်ကော် ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်က ဘုရားကို ပူဇော်ပြီး သား ဖြစ်သလို စိမ်းလန်းစိုပြည် သာယာသော တောအုပ်တစ်ခု ဖြစ်လာစေရန်၊ ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်ကို မှီခိုပြီး ဘေးမဲ့တိရစ္ဆာန် များ အေးချမ်းစွာ နေထိုင်နိုင်စေရန်၊ ၁၂ ရာသီပတ်လုံး စိမ်းလန်း စိုပြည်နေသော ဥယျာဉ်တော်တစ်ခု ဖြစ်လာစေရန်၊ ဘုရားများအား ပွင့်သော ပန်းများဖြင့် ပူဇော်ပြီးသား ဖြစ်ရန်၊ တစ်ချိန်သော်အခါတွင် ပြည်သူများ ဘုရားဖူးရင်း အပန်းဖြေနားနေစရာနေရာ တစ်ခု ရရှိလာစေရန် ရည်ရွယ်၍ ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်ကို အကောင် အထည်ဖော်ခြင်းဖြစ်သည်။ အဆိုပါ လွိုင်ကော် ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တွင် ဆရာတော် တစ်ပါးက ဗုဒ္ဓဂယာ ဗုဒ္ဓဥယျာဉ်တစ်ခု ကိုလည်း တည်နေကြောင်း သိရသည်။

**မောင်ပြည်သူ**

## ပွင့်လင်းကာလ မြန်မာပြည်အနှံ့ မြင်တွေ့ရသည့် ရှင်ပြုနားသ မင်္ဂလာပွဲများ

ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များအနက် ရှင်ပြုနားသအလှူတော် မင်္ဂလာကို ရှေးအစဉ်အဆက်ကနေ ယနေ့အချိန်အထိ ဆင်နွှဲကျင်းပ လေ့ရှိပါတယ်။ ရှင်ပြုနားသအလှူဆိုတာ မိမိတို့ရဲ့ သားသမီးရတနာ တွေကို မင်္ဂလာ ၁၂ ပါး ထဲက ရှင်ပြုနားသခြင်းမင်္ဂလာဖြစ်ပြီး သားငယ် တို့က ရှင်သာမဏေအဖြစ် သာသနာ့အမွေကို ခံယူကြပါတယ်။ သမီးငယ်တို့ကတော့ နားထွင်းမင်္ဂလာပြုလုပ်ပြီး အချို့ကလည်း သာသနာ့နွယ်ဝင် သီလရှင်အဖြစ် ခံယူကြပါတယ်။ ရှင်ပြုနားသ ပွဲတွေမှာ ရှင်လောင်း လှည့်လည်ခြင်းက မပါမဖြစ်ပြုလုပ်ကြပြီး မိဘ၊ ဘိုးဘွားများနဲ့တကွ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်များ အပါအဝင် ဧည့်ပရိသတ်အပေါင်းနဲ့ လှည့်လည်ကြတဲ့အခါ မောင်ရှင် လောင်းတွေက ဆင် သို့မဟုတ် မြင်းများပေါ်မှာ ချပ်ဝပ်တန်ဆာ အပြည့်အစုံနဲ့ မောင်ရှင် လောင်းရုံများ ခြံရံနေရာယူကြပြီး သမီးငယ် တွေ နားသခံယူမယ့် သမီးငယ်တွေကတော့ ရွှေ၊ ငွေ၊ ပတ္တမြားအစရှိတဲ့ ပြိုးပြိုးပြက်ပြက် အလှဆင်ထားတဲ့ နွားလှည်းယဉ်တွေပေါ်ကနေ လိုက်ပါလှည့်လည်ကြပြီး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကို ဖော်ထုတ် လေ့ရှိကြပါတယ်။

ရှင်ပြုနားသပွဲတော်မှာ ရှင်လောင်းလှည့်ခြင်းဓလေ့က မြတ်စွာ ဘုရားရှင်လက်ထက် သီရိဓမ္မာသောကမင်းကြီးက ညီတော်တိဿကို ရဟန်းပြုတဲ့အချိန်မှာ အာသောကာရုံကျောင်းကို သွားရာလမ်းဘေး ဝဲယာတွေမှာ သဲဖြူခင်း၊ ရာဇမတ်ကာ အမွှေးနံ့သာရည်တွေ ပက်ဖျန်း လို့ မင်းခမ်းမင်းနားနဲ့ ဆင်မြန်း ရဲမက်ဗိုလ်ပါ အပေါင်း ခြံရံပို့ဆောင်ပေး ခဲ့တဲ့ ဓလေ့ကနေ ဆင်းသက်လာခဲ့ပြီး ရှင်လောင်း၊ ရဟန်းလောင်း တွေကို ကြီးကျယ်ခမ်းနားစွာနဲ့ ကျောင်းတော် ကို ပို့ဆောင်ပေးရာကနေ အစပြုပေါ်ပေါက်လာခဲ့တယ်လို့ ကျမ်းဂန်များမှာ ဖတ်ရှုရပါတယ်။ မြန်မာနိုင်ငံက ဒေသအသီးသီးမှာတော့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ တစ်ခုအနေနဲ့ ယနေ့တိုင် ဒေဝါဝင်း၊ ရာဇာဝင်းများ နဲ့ ဇာတိရပ်ရွာက လှပျိုဖြူကွမ်းတောင်၊ ပန်းတောင်ကိုင်များ၊ ခြံရံလို့ ခမ်းနား သိုက်မြိုက် စွာ ကျင်းပလေ့ရှိတာပါ။

ဗုဒ္ဓဘာသာဝင်မိဘတွေဟာ မိမိတို့ရဲ့ သားငယ်၊ သမီးငယ်တွေကို ဘာသာရေးနဲ့ ကျွမ်းဝင်စေဖို့ပြုစုပျိုးထောင်ပေးတဲ့ အလေ့အထဖြစ်သလို ဗုဒ္ဓအမွေကို ခံယူနိုင်ဖို့နဲ့ လိမ္မာယဉ်ကျေးတဲ့သူများဖြစ်စေဖို့၊ ဗုဒ္ဓဘာသာ အပေါ် တန်ဖိုးထား ယုံကြည်ကိုးကွယ်ကြစေဖို့အပြင် ဗုဒ္ဓစာပေကျမ်းဂန် တွေကို လေ့လာသိမှတ်နိုင်စေဖို့လည်း ဒီလိုမင်္ဂလာအခမ်းအနားကျင်းပ ခြင်းတွေကနေ ရည်ရွယ်ချက်ထားရှိကြဖို့လိုပါတယ်။

မြန်မာနိုင်ငံအနှံ့အပြား ဒေသအသီးသီးတို့မှာ ရှင်ပြုနားသ မင်္ဂလာပွဲများကို ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးစီးချိန် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများကအစပြုပြီး တပေါင်း၊ တန်ခူးလများအထိ အများဆုံးကျင်းပလေ့ရှိပါတယ်။ ပွဲကျင်းပတဲ့အချိန်မှာလည်း ရှင်လောင်း လှည့်လည်သည့်ဓလေ့ကို ဆင်၊ မြင်း၊ နွား အလှယာဉ်များပေါ် တန်ဆာ ဆင်ယင်ကာ ကျင်းပလေ့ရှိတာကို မြင်တွေ့ရတဲ့သူတိုင်း စိတ်ကြည်နူး ပီတိ ဖြစ်စေရုံမျှမက ဘာသာ သာသနာကို တန်ဖိုးထားထိန်းသိမ်းပြီး ယုံကြည်ကိုးကွယ်စိတ်၊ သံသရာအတွက် အလှူအတန်းများ ပြုလုပ်ချင် သည့်စိတ်ကို ရှင်သန်စေသဖြင့် ရှင်ပြုနားသအလှူပွဲ မင်္ဂလာများ၏ မွန်မြတ်သောစေတနာ ဒါနမျိုးစေ့ချ ပွဲတော်များအဖြစ် ဘိုးဘွားအစဉ် အဆက် လက်ဆင့်ကမ်းထိန်းသိမ်း၍ ဆင်နွှဲကျင်းပလျက် ရှိနေပါကြောင်း။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**





## မိုင်းယောင်းမြို့နယ်က လူကြိုက်များရှမ်းအစားအစာ ခေါက်နွမ် ခေါ် ခေါက်ဆင့်

မြန်မာနိုင်ငံ၏ အရှေ့ဘက်အကျဆုံးမြို့ဖြစ်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ်၏ ရှမ်းဒေသအစား အစာ တစ်မျိုးဖြစ်သော မုန့်တီ (ခေါက်နွမ် ခေါ် ခေါက်ဆင့်)ကို ဒေသခံများက ကြိုက်နှစ်သက်စွာ စားသုံးလေ့ရှိကြသည်။

မုန့်တီ(ခေါက်နွမ် ခေါ် ခေါက်ဆင့်)ကို ပြုလုပ် စားသုံးရာတွင် ပထမဆုံး ရေစိမ်ထားသော ဆန်ကို ကြိတ်ပြီး ရေနှင့် သမအောင်ရော နယ်ကာ ပွက်ပွက်ဆူနေသော အိုးထဲသို့ အပေါက်လုပ်ထားသောအဝတ် အတွင်း ထည့်ညစ်၍ မုန့်ဖတ်ပြုလုပ်ရခြင်းဖြစ်သည်။ ထိုမှ ရလာသော မုန့်တီကို အသင့်ပြုလုပ်ထားသည့် ဆီချက်၊ ချင်းရည်၊ ကြက်သွန်မြိတ်၊ နံနံပင်၊ ရွှေပဲရွက်၊ ဂေါ်ဖီထုပ်၊ ဆလတ်ရွက်၊ လက်ပံပွင့်၊ ခရမ်းချဉ်သီး၊ ပဲပုပ်၊ ငရုတ်သီးဆီကြော်၊ နှမ်းထောင်း၊ ဟင်းခတ်မှုန့်တို့နှင့် မိမိကြိုက် နှစ်သက်သည့် အရသာကို လိုအပ်သလို အလွယ်တကူပြုလုပ်စားသုံး ကြခြင်း ဖြစ်သည်။

ဒေသစာ ခေါက်နွမ်ကို လာရောက်စားသုံးရင်း ဒေသအလှအပများ ကို ခံစားနိုင်ရန်အတွက် မိုင်းယောင်းမြို့နယ်သို့ လာရောက်ကြဖို့ ဖိတ်ခေါ် လိုက်ရပါတော့သည်။

**စိုင်းအောင်ဇော်လင်း**

# ပြည်သူ့ဘဏ္ဍာ ထိရောက်စွာ ခြိုးခြံချွေတာ သုံးစွဲပါ

◇◇◇◇◇◇◇◇◇◇◇◇ **ညိုညိုဝင်း(ကျေးလက်ဦးစီး)** ◇◇◇◇◇◇◇◇◇◇◇◇

**ကျွန်မ၏ဖခင်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းတစ်ဦးဖြစ်ပြီး ကျရာဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။ ကျွန်မ၏ မိခင်သည် ဖခင်တာဝန်ကျရာဒေသများသို့ အမြဲလိုက်ပါပြောင်းရွှေ့၍ အိမ်မှုကိစ္စတာဝန်များ ထမ်းဆောင်ပေးခဲ့သူတစ်ဦးဖြစ်သည်။ ကျွန်မ၏ ဖခင်သည် ရိုးသားကြိုးစား တိကျမှန်ကန်ဖြောင့်မတ်သူတစ်ဦးဖြစ်ပြီး သားသမီးများကိုလည်း မည်သည့်လုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ ရိုးသားကြိုးစားစွာ ဆောင်ရွက်ရန် သင်ကြားလေ့ကျင့်ပေးခဲ့သည်။**

ကျွန်မ ခြောက်နှစ်အရွယ်ခန့်က ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ မိသားစုလိုက်သွားရာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ပုဏ္ဏရိက်ပန်းရုံ၌ ပန်းတစ်ပွင့်ဆတ်ခနဲခူးမည်အပြု ကျွန်မ၏ဖခင်မှ **"မခူးနဲ့သမီး ဆရာတော်မသိဘဲခူးရင် ခိုးတာနဲ့ အတူတူပဲ ခွင့်ပြုမှခူးလို့ရတယ်"** ဟု ပြောခဲ့သည်ကို ယနေ့အထိ ကျွန်မမမေ့ပါ။ ညစဉ်အိပ်ရာဝင်ခါနီးတိုင်း ကျွန်မတို့မောင်နှမများအား ပုံပြင်များပြောပြ၍ ဆိုဆုံးမလေ့ရှိသည့်အပြင် သူ့အနေဖြင့် နာဂတောင်တန်း လဟယ်မြို့နယ်၌ တာဝန်ထမ်းဆောင်စဉ်က ကြုံတွေ့ခဲ့ရသည်များကို ပြန်လည်ပြောပြလေ့ရှိသည်။

ထိုစဉ်က နာဂဒေသရှိ နာဂတိုင်းရင်းသားအများစုသည် ဆင်းရဲနွမ်းပါးကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မိမိအတွက် ခွဲဝေပေးထားသည့် ရိက္ခာများကိုမျှ၍ ကျွေးမွေးခဲ့ရကြောင်း၊ ယင်းအတွေ့အကြုံကို မည်သည့်အခါမျှမမေ့ကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေသည် နယ်စပ်ဒေသတွင် နေထိုင်သူများနှင့်လည်း သက်ဆိုင်ကြောင်း၊ ဘဏ္ဍာငွေများကို ၎င်းဒေသများအတွက် ပိုမိုလျာထားသုံးစွဲသင့်ကြောင်းနှင့် မလိုအပ်သည့်နေရာများတွင် စိစစ်သုံးစွဲသင့်ကြောင်း သင်ကြားခဲ့သည်။ အလားတူ မိမိကိုယ်ပိုင်ငွေများကို ခြိုးခြံချွေတာ သုံးစွဲရန်၊ ရောင့်ရဲတင်းတိမ်ရန်၊ ဆင်းရဲမှု ဒဏ်ကြံ့ကြံ့ခံနိုင်ရန်၊ လောဘမထားရန် စသည်ဖြင့် သင်ကြားခဲ့သည့်အပြင် မိမိရရှိသည့်လစာနှင့် လောက်ငအောင် ခြိုးခြံချွေတာ နေထိုင်တတ်ရန်လည်း လက်တွေ့လေ့ကျင့်ပေးခဲ့သည်။ ဖခင်၏ သင်ကြားလေ့ကျင့်မှုများကို နားလည်လက်ခံပြီး အပြုံးမပျက်တင်းတိမ်ရောင့်ရဲတတ်သူမှာ ကျွန်မ၏ မွေးသမိခင်ဖြစ်ပေသည်။

ကျွန်မတို့မိသားစု ရှန်းကန်လှုပ်ရှားမှုများကြားမှ သားသမီးများဘွဲ့ရပြီး အလုပ်တာဝန်များ ထမ်းဆောင်ရာတွင် ရိုးသားကြိုးစား တိကျဖြောင့်မတ်စွာ ဆောင်ရွက်ကြရန် မှာကြားပြီး ရာထူးတစ်ခုရရှိပြီးတိုင်း အားနည်းချက်များကို ထောက်ပြပြီး မိမိရာထူးနှင့် ထိုက်တန်အောင် ကြိုးစားရမည့်အချက်များ၊ ပြုပြင်ပြောင်းလဲရမည့်အချက်များနှင့် နေထိုင်ပြုမူ ပြောဆိုရမည့်အချက်များ စသည်ဖြင့် ဝေဖန်ထောက်ပြတတ်သည့်အပြင် သားသမီးများအားလုံး ကိုယ့်ကိုယ်ကိုယ်တိုးတက်အောင် အမြဲကြိုးစားနေကြရန်နှင့် အခြားသူများအပေါ် စာနာနားလည်တတ်ပြီး ဘဝင်မမြင့်ရန် လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။ လုပ်ငန်းခွင်တွင် မိမိကရိုးသားမှန်ကန်စွာ ဆောင်ရွက်လိုသော်လည်း မိမိနှင့်အတူ လက်တွဲဆောင်ရွက်ရမည့် အထက်အောက်ဘေးတိုက်ဝန်ထမ်းများက ရိုးသားစွာ လုပ်ဆောင်မှုအားနည်းလျှင်လည်း မိမိနှင့်ဆက်ဆံရေး အဆင်မပြေမှုများ ဖြစ်ပေါ်နိုင်သည်ကို သတိမူရန် လိုအပ်ပေမည်။

ကျွန်မသည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှစ၍ ဗဟိုစာရင်းရုံး၌ စာရင်းစစ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ စည်ပင်သာယာရေး ဦးစီးဌာနတွင်လည်းကောင်း၊ ထိုမှတစ်ဆင့် ၂၀၁၂ ခုနှစ် ဇွန် ၇ ရက်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည်မှာ ယနေ့အထိဖြစ်သည်။ လုပ်ငန်းခွင်၌ အထက်အောက်ဝန်ထမ်းများနှင့်အတူ

**"ငယ်စဉ်ဘဝ၊ လုပ်ငန်းခွင်ဝင် သင်တန်းကာလများတွင် သင်ကြားပေးမှုများအပြင် လုပ်ငန်းခွင် ဝင်ရောက်လာသောအခါ လုပ်ငန်းခွင်ရှိ အဆင့်ဆင့်သော ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ရင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် သင်ကြားသကဲ့သို့ ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာစေရန်၊ အတုယူစရာ ဝန်ထမ်းကောင်းများအဖြစ် စံပြနမူနာအဖြစ် ရှေ့ဆောင်လမ်းပြ နေထိုင်ကျင့်ကြံကြရပေမည်"**

လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိနှင့်ခံယူချက်တူညီသူများဖြစ်၍လည်း ကျွန်မအလွန် ကံကောင်းခဲ့သည်။

ထိုကဲ့သို့ ရိုးသားစွာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သော်လည်း ယခင်အစိုးရတစ်ဆက်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဘဏ္ဍာရေးတာဝန်ယူ ဆောင်ရွက်သူများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများ မလျော်မကန် သုံးစွဲနေကြသည်ဟု ခန့်မှန်းပြောဆိုခဲ့သဖြင့် ကိုယ်စားလှယ်ထင်သလို မဟုတ်ပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သူရှိပါက တိုက်ရိုက်ဖော်ထုတ်ပြီး အပြစ်ပေးအရေးယူနိုင်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။ အဆိုပါ ပုဂ္ဂိုလ်နှင့်အကြိမ်ပေါင်းများစွာတွေ့ဆုံခဲ့ပြီး ဌာန၏ လုပ်ငန်းကိစ္စများ တွေ့ဆုံရှင်းလင်းရာမှ ကျွန်မတို့၏ ခံယူချက်၊ စိတ်ဓာတ်များ နားလည်ကာ အလွန်ခင်မင်ရင်းနှီးပြီး အပြန်အလှန် လေးစားမှုများရရှိ၍ ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည်။

### ပြည်သူ့ဘဏ္ဍာငွေ

မိမိအနေဖြင့် ဦးစီးဌာနတွင် ဘဏ္ဍာရေးအပိုင်းကို အဓိကတာဝန်ယူဆောင်ရွက်နေသူဖြစ်ပြီး ပြည်သူ့ဘဏ္ဍာငွေနှင့်ပတ်သက်၍ ကျယ်ပြန့်စွာ လေ့လာဆောင်ရွက်ခဲ့ရပါသည်။ ၂၀၁၇ ခုနှစ် မေ ၁ ရက်တွင် ထုတ်ပြန်သော စီမံကိန်းနှင့်ဘဏ္ဍာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၇)အရ **ပြည်သူ့ဘဏ္ဍာငွေဆိုသည်မှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် မိမိဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သည့်ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေများကိုဆိုလိုပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဆိုသည်မှာ ပြည်ထောင်စုအစိုးရက ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို ဆိုသည်။**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို ဆိုသည်။ **ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ** ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့များက လုပ်ငန်းဆောင်ရွက်ခြင်းမှ ရငွေများကို စီမံကြီးကြပ်ထိန်းသိမ်းထားရှိပြီး အဆိုပါငွေမှ မိမိတို့၏ ငွေကြေးအင်အားပေါ်မူတည်၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ထုတ်ယူသုံးစွဲခွင့်ရှိသော ရန်ပုံငွေကို ဆိုသည်။

### ဘဏ္ဍာရေးကျင့်စဉ်

ပြည်သူ့ဘဏ္ဍာငွေကို သုံးစွဲသောအခါ သို့မဟုတ် သုံးစွဲရန်ခွင့်ပြုသောအခါ အောက်ပါဘဏ္ဍာရေးကျင့်စဉ်ကြီး (၅)ရပ်ကို ဦးတည်ကျင့်သုံးရမည်ဖြစ်ပါသည်-

(၁) အသုံးစရိတ်တစ်ရပ်ကို အမှန်တကယ်လိုအပ်သည်ထက် ပိုမို၍မသုံးစွဲရန် အထူးကြပ်မတ်ရမည်၊

(၂) ချင့်ချိန်ဝေဖန်နိုင်သော သာမန်ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကို သုံးစွဲရာ၌ ချင့်ချိန်သကဲ့သို့ပင် နိုင်ငံ့ဝန်ထမ်းတိုင်းသည် ပြည်သူ့ဘဏ္ဍာငွေသုံးစွဲရာ၌ အလားတူချင့်ချိန် သုံးစွဲရမည်၊

(၃) လုပ်ပိုင်ခွင့်ရှိသူတစ်ဦးသည် မိမိ၏ လုပ်ပိုင်ခွင့်အရ အမိန့်တစ်ရပ်ချမှတ်ရာ၌ မိမိအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးဖြစ်ထွန်းစေမည့် အမိန့်ကို မချမှတ်ရ၊

(၄) ခြွင်းချက်ပြုထားသော ကိစ္စရပ်များမှတစ်ပါး ပြည်သူ့ဘဏ္ဍာငွေများကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ အထူးအခွင့်အရေးအနေဖြင့် အကျိုးကျေးဇူးဖြစ်စေရန် အသုံးမပြုရ၊

(၅) နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ ကုန်ကျစရိတ်ကို ကာမိစေရန် ခွင့်ပြုသည့် ခရီးစရိတ်ကဲ့သို့သောစရိတ်များသည် လက်ခံရရှိသူအတွက် အမြတ်အစွန်း မဖြစ်စေရ။

### ထိရောက်စွာ သုံးစွဲရန်

အိမ်ထောင်စုတစ်စုတွင် ဝင်ငွေအသုံးစရိတ်မျှတအောင် ဆောင်ရွက်ရာ၌ သတ်မှတ်ကာလအတွင်း ရငွေနှင့် အသုံးစရိတ်ကို ကြိုတင်ခန့်မှန်းပြီး အသုံးစရိတ်ကို ရရှိသည့်ငွေပေါ်မူတည်၍ သုံးသင့်သည်များကိုသာ သုံးစွဲရပေမည်။ လူတိုင်းတွင် ဆန္ဒအလိုရှိမှုနှင့် မဖြစ်မနေလိုအပ်မှုတို့ ရှိပေသည်။ အလိုဆန္ဒသည် အတောမသတ်နိုင်အောင် များပြားလှပေသည်။

အိမ်ထောင်စုတစ်စု၏ အသုံးစရိတ်ကို ထိရောက်စွာ သုံးစွဲရန်အတွက် လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်းမပြုရန်၊ ခြိုးခြံချွေတာသုံးစွဲရန်၊ လိုအပ်မှုနှင့် လိုအင်ဆန္ဒခွဲခြား၍ လိုအပ်မှုကို ရွေးချယ်သုံးစွဲရန် အရေးကြီးပေသည်။ လိုအပ်မှုများနေလျှင်လည်း ဦးစားပေးအဆင့် ပြန်လည်ခွဲခြား၍ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအရ အကျိုးသက်ရောက်မှု အခြေအနေပေါ်မူတည်၍ သုံးစွဲရန် ရွေးချယ်ရမည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများကို စီမံခန့်ခွဲရာတွင်လည်း ကဏ္ဍအလိုက် လိုအပ်ချက်များကို ပြန်လည်အကျိုးသက်ရောက်မှုနှင့် ချင့်ချိန်၍ ရငွေကောက်ခံရရှိနိုင်မည့် ပမာဏအတွင်း ဘတ်ဂျက်လျာထားရေးဆွဲပြီး ရငွေကောက်ခံသည့် ဌာနများက ရရန်ရှိသည်များ အပြည့်အဝ ကောက်ခံရရှိအောင် ဆောင်ရွက်သကဲ့သို့ အသုံးစရိတ်သုံးစွဲသည့် ဌာနများကလည်း လိုအပ်သမျှသာ ခြိုးခြံချွေတာသုံးစွဲရန်၊ မိမိကိုယ်ပိုင်ငွေကဲ့သို့ ချင့်ချိန်သုံးစွဲရန်၊ နိုင်ငံတော်တာဝန်ထမ်းဆောင်၍ ကုန်ကျစရိတ်ထုတ်ယူရာ၌ အကျိုးအမြတ်မရှိစေရန်၊ နိုင်ငံတော်ဘဏ္ဍာငွေများကို တစ်စုံတစ်ယောက် အဖွဲ့အစည်းတစ်ခုသို့ အကျိုးအမြတ်ဖြစ်အောင် ဆောင်ရွက်ခြင်းတို့မရှိစေရန်၊ နိုင်ငံတော်ဘဏ္ဍာငွေကို မိမိကိုယ်ကျိုးအတွက် ရယူခြင်း မရှိစေရန် စသည့်အချက်များသည် နိုင်ငံတော်ဘဏ္ဍာငွေကို ထိရောက်စွာ သုံးစွဲရန် ဂရုပြုရမည့်အချက်များဖြစ်သည်။

### ငယ်စဉ်ဘဝကစ၍ သင်ကြားလေ့ကျင့်ပေးရန်

ပြည်သူ့ဘဏ္ဍာငွေကို အကျိုးရှိထိရောက်စွာ သုံးစွဲရေးသည် ပြည်သူ့ဝန်ထမ်းတိုင်းတွင် တာဝန်ရှိသည်။ ဤသို့သော အလေ့အကျင့်များကို ဝန်ထမ်းဖြစ်မှ သင်ကြားခြင်းထက် ငယ်စဉ်ကလေးဘဝကတည်းက လက်ဦးဆရာမိဘများက ကျင့်ဝတ်များသင်ကြားပေးခြင်း၊ ဆရာ ဆရာမများက ကျောင်းသင်ခန်းစာသင်ကြားရင်း ထည့်သွင်းသင်ကြားပေးခြင်းတို့ဖြင့် အုတ်မြစ်ချခဲ့ပြီး ပညာပြည့်စုံ၍ ဝန်ထမ်းဘဝကူးပြောင်းသောအခါ သက်ဆိုင်ရာဌာနများမှ သင်တန်းများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သည့် သင်တန်းများတွင် သင်ကြားပို့ချခြင်းဖြင့် ပြည်သူ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးကြရမည်။

### တာဝန်ထမ်းဆောင်စဉ်ကာလ လေ့ကျင့်ပေးရန်

ငယ်စဉ်ဘဝ၊ လုပ်ငန်းခွင်ဝင် သင်တန်းကာလများတွင် သင်ကြားပေးမှုများအပြင် လုပ်ငန်းခွင်ဝင်ရောက်လာသောအခါ လုပ်ငန်းခွင်ရှိ အဆင့်ဆင့်သော ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ရင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် သင်ကြားသကဲ့သို့ ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာစေရန်၊ အတုယူစရာ ဝန်ထမ်းကောင်းများအဖြစ် စံပြနမူနာအဖြစ် ရှေ့ဆောင်လမ်းပြ နေထိုင်ကျင့်ကြံကြရပေမည်။

### စာရေးသူ၏ ဆန္ဒမွန်

ကျွန်မဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက မိမိဆရာသမားများ၏ လုပ်ကိုင်ဆောင်ရွက်မှု၊ ခံယူချက်သဘောထားများအား အလုပ်လုပ်ရင်း လေ့လာသင်ယူခဲ့ရသည်။ လုပ်ငန်းခွင်တွင် မိမိရိုသေလေးစားအားကျရလောက်သည့် ဆရာသမားများအား တွေ့ရသောအခါ သူတို့ကဲ့သို့ ခံယူကျင့်သုံးလိုစိတ်၊ နေထိုင်လိုစိတ်များလည်း ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင်တွင် အထက်အဆင့်ဆင့်ဝန်ထမ်းများ၏ ဦးဆောင်လမ်းပြမှုကလည်း အလွန်အရေးကြီးပေသည်။

ဤသို့ ငယ်စဉ်မှစ၍ စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်း၊ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ဝန်ထမ်းကောင်းများ မွေးထုတ်ကာ အဂတိတရားကင်းရှင်းသော စည်းကမ်းပြည့်ဝသည့် နိုင်ငံတော် တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်မိသည်။

ဤဆောင်းပါးဖြင့် ၂၀၁၁ ခုနှစ်က တမလွန်ဘဝသို့ ရောက်ရှိနေသော နာဂတောင်တန်းကို အလွန်ချစ်မြတ်နိုးသည့်၊ ရိုးသားမှုကို တန်ဖိုးထားသည့် တရားမျှတမှုကို အလေးထားသည့် ကိုယ်ချင်းစာစိတ်ဖြင့် ပေါင်းသင်းဆက်ဆံတတ်သည့် **ဖခင်ဦးတင့်အောင်** အား လွမ်းဆွတ်တသစွာ ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၃-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဗေယျာရွှေမြေနှင့်ငွေထည်လုပ်ငန်း
**၀၉:၁၀** တရုတ်ကာတွန်း **'ဖြူစင်စိတ်လှ'** (အပိုင်း-၂)
**၀၉:၄၀** အသိပညာနှင့်အမှန်တရား
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု အစီအစဉ် **"ပြည်ချစ်သားမွန် တေးသဝဏ်"** တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၃)
**၁၂:၃၀** This Week's Special Interest
**၁၃:၁၅** Weekly Local News Highlights
**၁၃:၃၀** MRTV National News
**၁၄:၀၀** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုရုပ်ရှင် မြန်မာဂန္ထဝင်ရုပ်ရှင် **'သူရဲကောင်းလေးများ'**
**၁၆:၄၅** Sports Diary
**၁၇:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၃၀** Economic Review
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ....သိရိဂေဟာ
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ **'ပိန်းကြာပက်၌တင်သောရေ'** (အပိုင်း-၁၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ 'ရုပ်ရှင်တေးသွားသံစဉ် အလုတရားများရဲ့သီဆိုရှင်' (တေးသံရှင်မောင်သိန်းဝင်း)(အပိုင်း-၃)
**၂၁:၂၅** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်း **'ကြယ်နှင့်အတူ'** (အပိုင်း-၁၁)
**၂၂:၁၀** ဆေးရောင်စုံရုပ်ရှင် **'တို့အချစ်ကဒီလို'**

**mitv**

**07:01** Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
**07:12** Myanmar Traditional Brass Embossed Painting
**07:32** Making a Living as Horticulturist
**07:46** A Traditional Food in Bagan: Pone Ye Gyi
**08:01** News
**08:27** Paper Products... Plain but Pretty
**08:49** Myanmar Childhood Games (Episode-1)
**09:03** His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi-1) 1945~1960
**09:33** Today Myanmar: Bamboo Products
**09:21** Today Myanmar
**09:42** Artist Life: Designer Nay Chi Win Lai Yee
**10:01** News
**10:27** Let's venture to a natural wonder

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ငေါ်ရခါးသီးနှင့်ကျန်းမာရေး

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တစ်နှစ်တာ တောင်ယာလုပ်ငန်း

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ဆေးဖက်ဝင်ပေဒါပင်

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
လခြမ်းမြို့မ ရိုးရာအလှ(အပိုင်း-၁)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ရှမ်းရိုးရာ ခေါက်စား

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ခနူးရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားရိုးရာ တူရိယာပြုလုပ်ခြင်း

**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာ တို့ရဲ့စာ(အပိုင်း-၁၅)

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တေးသံဖြာဝေ ဖားစည်မြေ(အပိုင်း-၂)

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကျွန်တော်တို့ရွာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၈:၄၅** ကျောက်ကပ်ရောဂါကင်းဝေးဖို့ ကာကွယ်ရာဖွေကုသစို့
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၉:၄၅** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၈)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၇:၁၅** ဘိုရွှန်ဓာတ်မြေဩဇာထည့်သွင်းမြေပဲသီးနှံ အထွက်တိုးခြင်း
**၀၇:၅၀** ရွှေဘိုမြို့မှ ပေါ်ဆန်းစပါး
**၀၈:၂၀** သုတဝေစည်တောင်သူဆီ
**၀၈:၄၅** တစ်နိုင်တစ်ပိုင်ပိုးမွေးမြူရေးလုပ်ငန်း
**၀၉:၁၅** ဆန်းသစ်တဲ့အမြင်ဒရုန်းလေယာဉ်
**၀၉:၄၀** လှပဝေစည်ရှမ်းတို့ပြည်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် မတ် ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရတနာပင်စည် မြောက်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာ (IBEC)၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညရဏ္ဍ ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အောင်ဓမ္မရိပ်သာ ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကြည်သာအေးမြ ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဓမ္မဗေယျာကျောင်းတိုက်နှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ခေမာသီဝံ ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဓမ္မဒူတတောရဓမ္မရိပ်သာ၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မင်္ဂလာသာစည် ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ပိဋကတ် ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥဿာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ ပဒုံပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေလရောင် ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၁ - ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ရမည်းသင်းမြို့၊ လှိုင်းတက်မြို့၊ တပ်ကုန်းမြို့၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)၊ ပျဉ်းမနားမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့၊ လေးထပ်ပြင်(ပြည်မြို့နယ်)၊ ငါးသိုင်းချောင်းမြို့၊ ဘော်လခဲမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၃ - ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၅၃၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၅၉၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၂၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၃၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၇၅ ကျပ် | ၂၂၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၅၅ ကျပ် | ၂၃၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၅၀ ကျပ် | ၂၁၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၂၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၄၉ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၉၃၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၆ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၄ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၉၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၆ | ၄၉၈၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၁၆၇၅ | ၅၄၃၇၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၇ | ၅၃၉၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၈၁၄ | ၂၉၉၃၁၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၅ | ၁၃၂၅၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၀ | ၂၆၅၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၇၃ | ၃၅၇၇၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# စားရေရိက္ခာဖူလုံဖို့ တိုင်းရင်းငါးပြေမများ မွေးမြူထုတ်လုပ်ကြပါစို့

ဝါဝါဖူး(Ph.D)-မွေး / သု(မန်း)

### မြန်မာနိုင်ငံနှင့် ငါးစားရေရိက္ခာအရင်းအမြစ်

မြန်မာနိုင်ငံ၌ ငါးစားသုံးမှုမှာ အသားစားသုံးမှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော်ရှိသည်။ ငါးမွေးမြူရေးသည် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း လျင်မြန်စွာတိုးတက်လာခဲ့ပြီး ရေသတ္တဝါမွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသနေပြည်သူများ ဝင်ငွေတိုးတက်လာစေရေး၊ ပြည်တွင်းစားသုံးသူများ လိုအပ်ချက်နှင့် ဈေးကွက်တင်ပို့နိုင်မှုအခြေအနေများတွင် အလားအလာကောင်းများစွာရှိသည်။

ငါး၊ ယောက်သွား၊ ခရုစသော ရေနေသတ္တဝါများနှင့် ရေတွင်ပေါက်ရောက်သော ပင်လယ်ရေမှော်အပါအဝင် အပင်များ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးတွင်တန်ဖိုးရှိသော ရေနေသတ္တဝါများကို စောင့်ရှောက်၊ ပြုစု၊ မွေးမြူထုတ်လုပ်ခြင်းကို ရေထွက်ကုန်ပစ္စည်းစိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်း (Aquaculture) ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ရေလုပ်ငန်းသည် မြန်မာနိုင်ငံသားများ၏ စားနပ်ရိက္ခာအတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ ရေလုပ်ငန်းကဏ္ဍတွင် ငါးများကို ဖမ်းဆီးထုတ်လုပ်ခြင်း (Capture fishery) နှင့် မွေးမြူထုတ်လုပ်ခြင်း(Culture fishery)ဟူ၍ ကဏ္ဍနှစ်ရပ် ပါဝင်သည်။ ယခုအခါ ခေတ်မီ၍ အထိအမိကောင်းသည့် ငါးဖမ်းကိရိယာများ အသုံးပြုပြီး ငါးဖမ်းဆီးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုတို့ကြောင့် သဘာဝငါးသယံဇာတ လျော့နည်းကျဆင်းလာသည့်အတွက် ဖမ်းဆီးထုတ်လုပ်ရေးကဏ္ဍတွင် ငါးထုတ်လုပ်မှုမှာ လျော့နည်းကျဆင်းလာခဲ့ပါသည်။ သဘာဝငါးသယံဇာတမှ ငါးများကို အလွန်အကျွံဖမ်းခဲ့ခြင်း (Over fishing)ကြောင့် ဖမ်းဆီးထုတ်လုပ်ရေးကဏ္ဍတွင် ငါးထုတ်လုပ်မှု လျော့နည်းကျဆင်းလာမှုကို ဖြည့်ဆည်းပေးရန်အတွက် မွေးမြူထုတ်လုပ်ရေးကဏ္ဍတွင် ငါးများပိုမိုထုတ်လုပ်ရန် လိုအပ်လာပါသည်။ သဘာဝငါးသယံဇာတကို ထိခိုက်မှုမရှိဘဲ လိုအပ်သလောက် အမြောက်အမြားထုတ်လုပ်နိုင်ရန်၊ ငါးများ၏ ရှင်သန်နှုန်းနှင့် ကြီးထွားနှုန်းများကို စမ်းသပ်သုတေသနပြုလုပ်ပြီး အချိန်တိုအတွင်း ဈေးကွက်ဝင်နိုင်သော ငါးအမျိုးအစားရရှိနိုင်ရန်နှင့် ကျေးလက်နေပြည်သူများ၏ စားနပ်ရိက္ခာဖူလုံစေပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေနိုင်ရန် ရည်ရွယ်၍ စမ်းသပ်သုတေသနလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ပြီး ရရှိလာသော သုတေသနရလဒ်များကို ငါးမွေးမြူသူတောင်သူများသို့ ပြန်လည်ဖြန့်ဝေပေးခြင်းဖြင့် အသေးစားငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေနိုင်သည်။

### စားရေရိက္ခာဖူလုံစေမည့် အရင်းအမြစ်

စားရေရိက္ခာဖူလုံစေရေးဖော်ဆောင်ရာတွင် ရေချိုဒေသတွင်သာ နေထိုင်ကျက်စားလေ့ရှိပြီး ကုန်းပေါ်တွင် ရက်အတော်ကြာနေထိုင်ရှင်သန်နိုင်သော တိုင်းရင်းငါးပြေမ (အင်္ဂလိပ်အမည် Climbing perch ဟု ခေါ်ဆိုပြီး သိပ္ပံအမည်အားဖြင့် Anabas testudineus) မျိုးစိတ် တစ်မျိုးကို ရွေးချယ်၍ သုတေသနပြုလုပ်ခဲ့သည်။



တိုင်းရင်းငါးပြေမ(Anabas testudineus, Climbing perch)

### တိုင်းရင်းငါးပြေမ၏ နေထိုင်မှုဓလေ့ (Habitat)

ရေအပူချိန် ၂၂ မှ ၃၀ ဒီဂရီစင်တီဂရိတ်အတွင်း နေထိုင်နိုင်ကြပြီး မြစ်၊ ချောင်း၊ ရေကန်၊ အင်းအိုင်၊ တူးမြောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိနိုင်ပါသည်။ ပါးဟက်အဖုံးတွင်ပါရှိသော ဆူးများဖြင့် ကုန်းမြေပေါ်တွင်လည်း တွားသွားနိုင်သည့် ငါးမျိုးဖြစ်ပါသည်။

### ငါးပြေမမျိုးငါးများ ထိန်းသိမ်းခြင်း (Broodstock Management)


ငါးပြေမများသည် မွေးမြူသည့်ကာလ တစ်နှစ်အတွင်း အရွယ်အစားအရှည်အားဖြင့် ၄ ဒသမ ၅ လက်မမှ ၅ ဒသမ ၅ လက်မခန့်ရှည်လျားကာ အလေးချိန် ၃၀-၄၅ ဂရမ်ခန့်တွင် စတင်အရွယ်ရောက်ရှိပြီး မျိုးပွားရာသီချိန်သည် နှစ်စဉ် မတ်လမှ ဩဂုတ်လအတွင်းဖြစ်၍ မေလနှင့် ဇွန်လများသည် မျိုးပွားရန် အကောင်းဆုံးကာလဖြစ်ပါသည်။

### ငါးပြေမအထီး၏ လက္ခဏာများ

ငါးပြေမအထီး၏ ကျောရေယက်(Dorsal Fin)သည် အမ၏ ကျောရေယက်နှင့်နှိုင်းယှဉ်ပါက ပိုမိုရှည်လျားပါသည်။ ရင်ရေယက်(Pectoral Fin)နှင့် ဝမ်းရေယက်(Ventral Fin)တို့တွင် အနီရောင်သန်းနေပြီး အမြီးရင်း(Caudal Peduncle)တွင် ဒိုင်းမွန်းပုံစံအမည်းစက်များရှိကာ ဝမ်းဗိုက်ကို ဖြည်းညင်းစွာ ညှစ်ကြည့်ပါက အဖြူရောင်မျိုးရည်များ မျိုးပွားအင်္ဂါပေါက်မှ ထွက်ရှိလာပါမည်။

### ငါးပြေမအမ၏ လက္ခဏာများ

ရင်ရေယက်နှင့် ဝမ်းရေယက်တို့တွင် အနီရောင်ဖျော့ဖျော့ဖြစ်နေပြီး အမြီးရင်းတွင် အမည်းစက်များသည် ရှည်လျား၍ တစ်ခုနှင့် တစ်ခု ရောစပ်နေပါသည်။ အရွယ်ရောက်သည့် ငါးပြေမသည် ဝမ်းဗိုက်အနည်းငယ်ဖောင်း၍ မျိုးပွားအင်္ဂါပေါက်သည် သိသာစွာကြီးထွားကာ ဝမ်းဗိုက်ကို ဖြည်းညင်းစွာညစ်ပါက ဥများ စို့ထွက်လာပါသည်။



တိုင်းရင်းငါးပြေမ မျိုးငါးအထီးနှင့် အမရွေးချယ်နေမှု

❂ယခုအခါ ခေတ်မီ၍ အထိအမိကောင်းသည့် ငါးဖမ်းကိရိယာများ အသုံးပြုပြီး ငါးဖမ်းဆီးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုတို့ကြောင့် သဘာဝငါးသယံဇာတ လျော့နည်းကျဆင်းလာသည့်အတွက် ဖမ်းဆီးထုတ်လုပ်ရေးကဏ္ဍတွင် ငါးထုတ်လုပ်မှုမှာ လျော့နည်းကျဆင်းလာခဲ့ပါသည်။ သဘာဝငါးသယံဇာတမှ ငါးများအား အလွန်အကျွံဖမ်းခဲ့ခြင်း (Over fishing)ကြောင့် ဖမ်းဆီးထုတ်လုပ်ရေးကဏ္ဍတွင် ငါးထုတ်လုပ်မှု လျော့နည်းကျဆင်းလာမှုကို ဖြည့်ဆည်းပေးရန်အတွက် မွေးမြူထုတ်လုပ်ရေးကဏ္ဍတွင် ငါးများပိုမိုထုတ်လုပ်ရန် လိုအပ်လာပါသည်

### ငါးပြေမ မျိုးငါးစုဆောင်းခြင်း

မျိုးပွားရာသီမတိုင်မီ နှစ်လ- သုံးလကြိုတင်၍ ၃၀-၄၅ ဂရမ်အရွယ် ငါးပြေမမျိုးငါးများကို စုဆောင်းကာ ငါးအထီးနှင့် ငါးအမ သီးသန့်ခွဲခြားပြီး မွေးမြူပြုစုထားရှိရပါသည်။ ငါးပြေမ မွေးမြူထားသည့် ကန်ရေတွင် အောက်ဆီဂျင်ပျော်ဝင်မှု(D.O)၊ ချဉ်ဖန်နှုန်း(pH)၊ အပူချိန်၊ အမိုးနီးယားပါဝင်မှုစသည်တို့အား ပုံမှန်တိုင်းတာ၍ မျိုးငါးများ၏ ကျန်းမာရေးကောင်းမွန်စေရန်အတွက် ရေအရည်အသွေးကို အထူးဂရုစိုက်ရန် လိုအပ်ပါသည်။



တိုင်းရင်းငါးပြေမ မျိုးငါးများ ရွေးချယ်ထားရှိမှု

### မျိုးငါးအစာကျွေးခြင်း

မျိုးငါးများအတွက် ဖော်စပ်စာပြုလုပ်ရာတွင် ပရိုတိန်း ၃၀-၃၅ ရာခိုင်နှုန်းရရှိရန်အတွက် ဖော်စပ်စာပြုလုပ်ပြီး ငါးကိုယ်အလေးချိန်၏ သုံးရာခိုင်နှုန်းကိုတွက်ချက်၍ မနက်တစ်ကြိမ် ညတစ်ကြိမ်ခွဲ၍ ကျွေးမွေးပါသည်။ မျိုးပွားအင်္ဂါများ၏ဖွံ့ဖြိုးမှုကို ပုံမှန်စစ်ဆေးရန် လိုအပ်ပြီး အပြည့်အဝရင့်မှည့်လာချိန်တွင် မျိုးပွားရန်အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ပါသည်။

### မျိုးငါးများ ဆေးထိုးသားဖောက်ခြင်း

မျိုးငါးများဆေးထိုးသားဖောက်ရန်အတွက် ငါးပြေမအထီးနှစ်ကောင်လျှင် အမတစ်ကောင်နှုန်းစီ အသုံးပြုပြီး သတ်မှတ်ဟော်မုန်းဆေးကို ငါးအထီး၊ ငါးအမ နှစ်မျိုးလုံးတွင် ထိုးသွင်းပေးပါသည်။ ငါးဆေးထိုးပြီးနောက် ခြောက်နာရီအကြာတွင် သဘာဝအတိုင်း ငါးများမိတ်လိုက်ကြပြီး သန္ဓေအောင်သောငါးဥများ ရရှိလာပါသည်။

သန္ဓေအောင် ငါးဥများကို ဥဖောက်လှောင်ကန်(Hatching Jar) ဖန်မှန်ကန်အတွင်း၌ သတ်မှတ်ရေအပူချိန်တွင် ပြောင်းရွှေ့သားဖောက်ပါသည်။ ငါးဥမှ အကောင်ပေါက်ရန် (၁၂-၁၅)နာရီကြာမြင့်ချိန်ရှိပြီး ရေအပူချိန်ပေါ်မူတည်၍လည်း ငါးဥမှ အကောင်ပေါက်ရန် ကြာမြင့်ချိန် ကွာခြားနိုင်ပါသည်။



ဟော်မုန်းဆေးထိုးပြီးနောက် မိတ်လိုက်ကန်ပြင်ဆင်ထားရှိပုံ

### ငါးမှုန်ပြုစုခြင်း (Seed Rearing)

ငါးပြေမငါးမှုန်များသည် အရွယ်အစားအားဖြင့် ၁ ဒသမ ၆ မှ ၁ ဒသမ ၈ မီလီမီတာရှိပြီး ဖောက်ထိုးအနေအထားဖြင့် ကူးခတ်သွားလာနေပါသည်။ ငါးဥပေါက်ပြီး ၃၂ နာရီအကြာတွင် အစာခြေလမ်းကြောင်းမှာ ပြည့်ပြည့်စုံစုံဖွံ့ဖြိုးလာပြီးနောက် အစာစတင်စားချိန်တွင် အပင်မျှောလေး(Phytoplankton)ကို ငါးမှုန်များအသက် ငါးရက်သားအထိ ကျွေးသည်။ ၅ ရက်မှ ၁၁ ရက်အတွင်း သတ္တမျှောလေး (Zooplankton)များ ကျွေးမွေးပါသည်။ ထို့နောက် သားပေါက်အရွယ်အစား ၁၂-၁၆ မီလီမီတာအထိ ရောက်ရှိချိန်တွင် ငါးမှုန်စာ(Fish meal powder)များရောစပ်ဖျော်၍ စတင်ကျွေးနိုင်ပြီဖြစ်ပါသည်။ ပထမ သုံးပတ်အတွင်း ရှင်သန်နှုန်းနှင့် ကြီးထွားနှုန်းမှာ လျင်မြန်စွာ ကောင်းမွန်လာသည်ကို တွေ့ရှိရပါသည်။ သုံးပတ်ကြာပြီးနောက် အရွယ်အစားကြီးထွားလာသည်နှင့်အမျှ အသားဓာတ် ၃၀-၃၅ ရာခိုင်နှုန်းရှိသော ငါးငယ်အစာအမှုန့်(Small Size Pellet)ကို ကျွေးနိုင်ပြီဖြစ်ပါသည်။ ကျွေးမွေးစဉ်ကာလအတွင်း ငါးမှုန်များ ရှင်သန်နှုန်းကောင်းမွန်စေရေးနှင့်ကြီးထွားနှုန်းတိုးတက်စေရေးသည် အဓိကအရေးကြီးသည့်အတွက် ရေအရည်အသွေးများ ကောင်းမွန်စွာထိန်းသိမ်းနိုင်ရန် အထူးလိုအပ်လှပါသည်။ အရွယ်အစားကွာခြားမှုသည် အဓိကအားဖြင့် ကျွေးသောအစားအစာ အမျိုးအစားကွဲပြားခြင်း၊ အစာလုယက်စားသောက်ခြင်းများကြောင့်ဖြစ်သည်။ လုယက်စားသောက်ခြင်းကြောင့် အသေအပျောက်လည်းများစေနိုင်သဖြင့် ရှင်သန်နှုန်းကောင်းမွန်စေရန်အတွက် ငါးအရွယ်အစားအလိုက် သီးခြားကန်ခွဲ၍ မွေးမြူခြင်းဖြင့် ရှင်သန်နှုန်းပိုမိုရရှိစေပါသည်။

*စာမျက်နှာ ၂၁ သို့*



ငါးရက်သား ငါးမှုန်များ

# ပူတာအိုဒေသ၌ လက်ဖက်စိုက်ဧက ၄၀၀ ကျော် စိုက်ပျိုးပြီး ဖွဲ့ခါး(PAQ KA)အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးလျက်ရှိ

**ပူတာအို မတ် ၁၁**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရ လက်ဖက်စိုက်ဧက ၄၀၀ ကျော်စိုက်ပျိုးလျက်ရှိပြီး လက်ဖက်ခြောက် အဓိကထုတ်လုပ်သည့် စက်ရုံတစ်ခုတည်းသာရှိရာ ယင်းစက်ရုံမှ ထုတ်လုပ်သော လက်ဖက်ခြောက်များကို ဖွဲ့ခါး(PAQ KA)အမှတ်တံဆိပ်ဖြင့် ပူတာအိုခရိုင်အတွင်း အဓိကဖြန့်ဖြူးလျက်ရှိကြောင်း ပူတာအို လက်ဖက်အသင်းအစုအဖွဲ့ဥက္ကဋ္ဌ ဦးဆလွတ်ထဖေဝမ်ထံမှ သိရသည်။

မြန်မာနိုင်ငံ လက်ဖက်အသင်းတွင် ဒေသခံလက်ဖက်အစုအဖွဲ့ ၁၈ ဖွဲ့ရှိပြီး ပူတာအို လက်ဖက်အသင်းအစုအဖွဲ့ကို ၂၀၁၉ ဒီဇင်ဘာလက အသင်းသားဦးရေ ၇၀ ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ပူတာအိုဒေသသည် ရေခဲတောင်နှင့် နီးစပ်ခြင်းကြောင့် လက်ဖက်စိုက်ပျိုးဖြစ်ထွန်းနိုင်သော အေးမြသည့် ရာသီဥတုရှိပြီး ပူတာအိုလက်ဖက်အသင်းသား အများစုသည် လက်ဖက်စိုက်ပျိုးတောင်သူများဖြစ်ရာ အဆိုပါ လက်ဖက်စိုက်တောင်သူများအတွက် အဆင့်မြင့်လက်ဖက်ခြောက် ထုတ်လုပ်နည်းပညာနှင့် လက်ဖက်စိုက်ပျိုးနည်းပညာများကို ပံ့ပိုးပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ပူတာအိုဒေသတွင် လက်ဖက်ခြောက်များကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိပြီး လက်ဖက်ခြောက်များကို ပွဲလမ်းသဘင်များ၌ ဧည့်သည်ဧည့်ခံရာတွင်လည်းကောင်း၊ ကုန်ပစ္စည်းအချင်းချင်း ဖလှယ်ရာတွင်လည်းကောင်း အသုံးပြုလေ့ရှိသည့်အပြင် တောင်းရမ်းမင်္ဂလာပွဲများတွင်လည်းကောင်း၊ အဝေးရောက် ဆွေမျိုးမိတ်ဆွေများအား လက်ဆောင်ပါးရာတွင် လည်းကောင်း လက်ဖက်ခြောက်ကို အသုံးပြုကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပူတာအိုဒေသထွက် လက်ဖက်ခြောက်များကို တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ ဖြင့် ရောင်းချလျက်ရှိပြီး နှစ်ထောင်တန်၊ သုံးထောင်တန်၊ ငါးထောင်တန်နှင့် တစ်သောင်းတန် စသည့်အထုပ်သေးများဖြင့်လည်း ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**



## ကြက်ငှက်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာ ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

*စာမျက်နှာ ၂၀ မှ*

ထို့အတူ ရေပုံမှန် လဲလှယ်ပေးခြင်း၊ ပုံမှန်နေရာ၊ ပုံမှန်အချိန် အစာကျွေးခြင်း၊ မွေးမြူထားသော ငါးအရေ အတွက်ပမာဏ၏ လိုအပ်ချက်နှင့် ကိုက်ညီသော အစာကျွေးနှုန်းဖြင့် နှိုင်းဆတွက်ချက်၍ကျွေးမှသာ အာဟာရပြည့်ဝပြီး အရည်အသွေး ကောင်းမွန်သော ငါးမျိုးကောင်းမျိုးသန့်များ ရရှိနိုင်မည်ဖြစ်ပါသည်။

### ငါးပြေမသားဖျန်းများ(Fingerlings)မှသည် အသားတိုးမွေးမြူခြင်း(Grow-out)

တိုင်းရင်းငါးပြေမ အသားတိုးမွေးမြူရန်အတွက် မြေကြီးကန်ဖြင့် မွေးမြူခြင်းထက် အုတ်ကန်ဖြင့် မွေးမြူခြင်းသည် ငါးများ လွတ်မထွက်စေရန် ကာကွယ်ပေးပါသည်။ အုတ်ကန်၏ အတွင်းဘက်အောက်ခြေမျက်နှာပြင်တွင် မြေသားခင်း၍ မွေးမြူခြင်းဖြင့် ငါးများကျန်းမာရေးကောင်းမွန်ပြီး ကြီးထွားနှုန်းကို တိုးတက်စေပါသည်။ သဘာဝပတ်ဝန်းကျင် အနေအထားကဲ့သို့ဖြစ်နေစေရန် ငါးကန်ရေမျက်နှာပြင်၏ ၃၀-၄၀ ရာခိုင်နှုန်းကို ရေနေအပင်များဖြစ်သည့် ဗေဒါ သို့မဟုတ် အလွယ်တကူရရှိသော ဘဲစာရွက်ရေပေါ်နေအပင်များ (Water Floating Plants)ဖြင့် ဖုံးအုပ်၍ အသုံးပြုနိုင်ပါသည်။ ငါးဖျန်းအရွယ်သည် ရေမျက်နှာပြင်အထက်နားတွင် ကူးခတ်သွားလာနေသည့်အတွက် ဖျိုင်းများ၊ တင်ကြီးငှက်များ လာရောက်ဖမ်းယူခြင်းများ ရှိနေနိုင်သဖြင့် အကာအရံများ ပြုလုပ်ထားရှိရန် လိုအပ်ပါသည်။ လှောင်အိမ်ဖြင့် တိုင်းရင်းငါးပြေမမွေးမြူမည်ဆိုပါက သီးသန့်မွေးမြူခြင်း (Mono-culture)တွင် သာမက ရောနှောမွေးမြူခြင်း(Polyculture)ဖြင့်လည်း မွေးမြူနိုင်ပါသည်။

### ငါးပြေမနှင့် စားရေရိက္ခာဖူလုံရေး

ငါးပြေမသည် စောင်းလျားသီးနှင့် ချက်ပြုတ်စားသုံးပါက အရသာထူးကဲသည့်အပြင် ဆီးကျောက်ရောဂါအတွက် သက်သာပျောက်ကင်းနိုင်သည့် ဆေးဖက်ဝင်ငါးတစ်မျိုးဖြစ်ပါသည်။ ထို့ပြင် ငါးဈေးကွက်တွင် တန်ဖိုးကောင်းရရှိသော ရေပန်းစားနေသည့် ငါးမျိုးဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ငါးပြေမမွေးမြူခြင်းသည် အခြားငါးမြစ်ချင်းကဲ့သို့သော ငါးမျိုးများမွေးမြူခြင်းထက် မွေးမြူသည့် အချိန်ကာလတိုတိုဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် ငါးမျိုးဖြစ်သည့်အပြင် လူတို့မသုံးဘဲ ပစ်ပယ်ထားသည့် ကျင်းငယ်၊ ရေအိုင်ငယ်များတွင် စနစ်တကျမွေးမြူပါက အချိန်တိုအတွင်း မွေးမြူဖြစ်ထွန်းနိုင်သည့် ငါးမျိုးဖြစ်ပါသည်။

ကျေးလက်နေပြည်သူများ၏ စားရေရိက္ခာဖူလုံစေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ မိသားစုဝင်ငွေများ တိုးပွားရရှိလာနိုင်စေရေးနှင့် ငါးမွေးမြူရေး အသိပညာဗဟုသုတများ ရရှိလာနိုင်စေရေးတို့အတွက် မြန်မာနိုင်ငံအနှံ့အပြားတွင် အလွယ်တကူ ရရှိနိုင်သော တိုင်းရင်းငါးပြေမများကို မွေးမြူထုတ်လုပ်ကြပါစို့ဟု တိုက်တွန်းရင်း သုတေသနရလဒ်များကို မျှဝေရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား**
- ရေချိုဒေသတွင် နေထိုင်သော ကျေးလက်နေပြည်သူများအတွက် အသေးစားငါးမွေးမြူရေး အညွှန်းစာစောင်
- USAID ဝင်ငွေတိုးငါးမွေးမြူရေးစီမံကိန်း
- ICAR-CIFA 2016, BREEDING & SEED PRODUCTION OF CLIMBING PERCH

## သာယာဝတီ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြော

**သာယာဝတီ မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှဦးဆောင်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာ ကံကလေးဆက်သွယ်ရေးလမ်းမဘေးရှိ Huashen International Limited အထည်ချုပ်စက်ရုံ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ် ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသောပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများအား သတိပြုဆင်ခြင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါအကြောင်းအရာများနှင့် ပတ်သက်၍ projector ဖြင့်ပြသ၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မက်မန်းမြို့နယ်၌ စံပြကြက်မွေးမြူရေးခြံများ တည်ဆောက်

**မက်မန်း မတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စံပြကြက်မွေးမြူရေးခြံများကို မက်မန်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ တည်ဆောက်လျက်ရှိသည်။

မက်မန်းမြို့နယ်၌ ဒေသကြက်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသော်လည်း အသားတိုးကြက်များ မွေးမြူနိုင်မှုမရှိခြင်းကြောင့် အသား၊ ငါးများကို မိုင်းပျဉ်းမြို့မှတစ်ဆင့် သွားရောက်ဝယ်ယူစားသောက်ရာတွင် အသား၊ ငါးများ လတ်ဆတ်မှုမရှိခြင်း၊ အချိန်ကြာမြင့်ခြင်း၊ သယ်ယူပို့ဆောင်ခစရိတ်များ ကြီးမြင့်ခြင်းတို့ကြောင့် စားသုံးသူများအနေဖြင့် အဆင်မပြေမှုများကို ဖြေရှင်းနိုင်ရေးအတွက် အသားတိုးကြက်များ မွေးမြူနိုင်ရေး စံပြကြက်ခြံများ ဆောက်လုပ်ခြင်းဖြစ်ကြောင်း ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မောင်ဝင်းထံမှ သိရသည်။

ထိုသို့ စံပြကြက်မွေးမြူရေးခြံများ တည်ဆောက်နေခြင်းကို မက်မန်းခရိုင် စီမံအုပ်ချုပ်ရေးချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ မက်မန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့်အဖွဲ့ဝင်များက မတ် ၇ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။ **စောဥမ္မာ(ပြန်/ဆက်)**

ယခုတစ်ပတ်မှာ ပရီမီယာလိဂ် ပွဲစဉ် (၂၇) နဲ့ ကြားရက်မှာ ပွဲကျန်နှစ်ပွဲကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဦးဆောင်သူ အာဆင်နယ်က ကစားရခက်တဲ့ ဖူလ်ဟမ်၊ နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ နယူးကာဆယ်က ကစားပုံမာကျောမှုရှိတဲ့ ဝုဖ်၊ တန်ဟက်ရဲ့ မန်ယူက တန်းဆင်းဇုန်က ဆောက်သမ်တန်အသင်းတို့ ဆုံတွေ့နေပါတယ်။

# ဥရောပဝင်ခွင့်မျှော်လင့်ချက်အတွက် အာဆင်နယ်ကို နိုင်ပွဲရဖို့လိုနေတဲ့ ဖူလ်ဟမ်

■ အောင်ဇော်

| ပရီမီယာလိဂ် ပွဲစဉ် (၂၇) | |
|---|---|
| ၁၂-၃-၂၀၂၃ | တင်္ဂနွေနေ့ |
| ဖူလ်ဟမ် - အာဆင်နယ် | ည ၈း၃၀ |
| မန်ယူ-ဆောက်သမ်တန် | ည ၈း၃၀ |
| ဝက်စ်ဟမ်း - ဗီလာ | ည ၈း၃၀ |
| ကာဆယ် - ဝုဖ် | ည ၁၁း၀၀ |
| ၁၅-၃-၂၀၂၃ | ဗုဒ္ဓဟူးနေ့ |
| ဆောက်သမ်တန် - ဘရန့်ဖို့ဒ် | နံနက် ၂း၀၀ |
| ဘရိုက်တန် - ပဲလေ့စ် | နံနက် ၂း၀၀ |

## ဖူလ်ဟမ် VS အာဆင်နယ်

နောက်ဆုံးတွေ့ဆုံမှု အာဆင်နယ် ၂-၁ ဖူလ်ဟမ်

ဥရောပဝင်ခွင့်တစ်နေရာရရှိဖို့ ကြိုးစားနေတဲ့ ဖူလ်ဟမ်အနေနဲ့ ရရှိလာမယ့် အခွင့်အရေးကိုသာ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ရင် အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ ဦးဆောင်ဖို့ ကြိုးစားလာမယ့် အာဆင်နယ်ကို နိုင်ဖွယ်ရာရှိတယ်။

## မန်ယူ VS ဆောက်သမ်တန်

နောက်ဆုံးတွေ့ဆုံမှု ဆောက်သမ်တန် ၀-၁ မန်ယူ

မန်ယူအသင်းက ယခုပွဲစဉ်မတိုင်မီ ယူရိုပါလိဂ်ပြိုင်ပွဲ ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ သို့သော်လည်း ဆောက်သမ်တန်က တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ဖို့ ခြေကုန်ထုတ်လာမှာ ဖြစ်ပေမယ့် မန်ယူကို အနိုင်ယူဖို့ ခက်မယ်။

## ဝက်စ်ဟမ်း VS ဗီလာ

နောက်ဆုံးတွေ့ဆုံမှု ဗီလာ ၀-၁ ဝက်စ်ဟမ်း

တန်းဆင်းဇုန်ဖိအားရှိတဲ့ ဝက်စ်ဟမ်းအနေနဲ့ အိမ်ကွင်းမှာ ဗီလာကို အနိုင်ရရှိဖို့ အသေအချာပြင်ဆင်လာမှာပါ။ ဗီလာကလည်း ခြေစွမ်းအတက်ဘက်မှာရှိတာကြောင့် ခက်ခက်ခဲခဲကစားပြီး ဝက်စ်ဟမ်း အနိုင်ရဖွယ်ရှိတယ်။

## ကာဆယ် VS ဝုဖ်

နောက်ဆုံးတွေ့ဆုံမှု ဝုဖ် ၁-၁ ကာဆယ်

သုံးဆက်ပွဲရှုံးနိမ့်မှုနှင့်အတူ နောက်ဆုံးငါးပွဲမှာ နိုင်ပွဲပျောက်ဆုံးထားတဲ့ ကာဆယ်အနေနဲ့ ယခုပွဲစဉ်မှာ မဖြစ်မနေ နိုင်ပွဲရရှိဖို့ အားစိုက်ကစားလာမှာ သေချာတယ်။ ဝုဖ်ကလည်း အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းဖို့ ကြိုးစားလာမှာပါ။

# ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒု-ကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

ယခုတစ်ပတ် မတ် ၁၄ ရက်နဲ့ ၁၅ ရက် နံနက်ပိုင်းမှာ မန်စီးတီး၊ ရီးရဲမက်ဒရစ်၊ လီဗာပူးစတဲ့အသင်းတို့ ပါဝင်တဲ့ ချန်ပီယံလိဂ် ၁၆ သင်း အဆင့်မှ ဒုတိယ အကျော့ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒုတိယ အကျော့မှာ ဘယ်အသင်းက အသာရပြီး နောက်တစ်ဆင့် တက်လှမ်းသွားမလဲ စောင့်ကြည့်ချင်စရာပင်။

| ချန်ပီယံလိဂ် ၁၆ သင်း ဒု-ကျော့ | |
|---|---|
| ၁၄-၃-၂၀၂၃ | အင်္ဂါနံနက် ၂း၃၀ |
| မန်စီးတီး | - လိုက်ပ်ဇစ် |
| ပေါ်တို | - အင်တာမီလန် |
| ၁၅-၃-၂၀၂၃ | ဗုဒ္ဓဟူးနံနက် ၂း၃၀ |
| ရီးရဲမက်ဒရစ် | - လီဗာပူး |
| နာပိုလီ | - ဖရန့်ဖတ် |

## မန်စီးတီး VS လိုက်ပ်ဇစ်

ပထမအကျော့ရလဒ် လိုက်ပ်ဇစ် ၁-၁ မန်စီးတီး

လိုက်ပ်ဇစ်အသင်းကစားပုံကောင်းမွန်မှုရှိပေမယ့် မန်စီးတီးကို အသာရယူဖို့ မလွယ်ဘူး။ အထူးသဖြင့် မန်စီးတီးအသင်းက ဒီရာသီ အီတီဟက်မှာ ကစားထားတဲ့ လိဂ် ၁၃ ပွဲမှာ ၁၁ ပွဲအထိ နိုင်ပွဲရရှိထားတာကြောင့် အိမ်ကွင်းမာကျောမှုရှိတယ်။

## ပေါ်တို VS အင်တာမီလန်

ပထမအကျော့ရလဒ် အင်တာမီလန် ၁-၀ ပေါ်တို

ပေါ်တိုက ခံစစ်တည်ငြိမ်ပြီး တိုက်စစ်ထက်မြက်မှုရှိတာ တွေ့ရတယ်။ အင်တာမီလန်က ခြေစွမ်းမဆိုးဘူးဆိုပေမယ့် ပေါ်တို အိမ်ကွင်းမှာ အနိုင်ရဖို့ ခက်မယ်။ ပြိုင်ဘက်ကို ခက်ခက်ခဲခဲကစားပြီး ပေါ်တိုအနိုင်ရဖွယ်ရှိတယ်။

## ရီးရဲမက်ဒရစ် VS လီဗာပူး

ပထမအကျော့ရလဒ် လီဗာပူး ၂-၅ ရီးရဲမက်ဒရစ်

အန်းဖီးလ်မှာ ဂိုးပြတ်ရှုံးနိမ့်ထားတဲ့ လီဗာပူးအနေနဲ့ ဘာနေဗျူးမှာ ရီးရဲမက်ဒရစ်ကို ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ယူကာ နောက်တစ်ဆင့်တက်လှမ်းဖို့ မလွယ်ဘူး။ ဒါကြောင့် လီဗာပူး နိုင်ဖွယ်ရာရှိပေမယ့် ရီးရဲမက်ဒရစ် နောက်တစ်ဆင့်တက်မယ်။

## နာပိုလီ VS ဖရန့်ဖတ်

ပထမအကျော့ရလဒ် ဖရန့်ဖတ် ၀-၂ နာပိုလီ

အိမ်ကွင်းမှာ ဂိုးပြတ်ရှုံးနိမ့်ထားတဲ့ ဖရန့်ဖတ်အနေနဲ့ အဝေးကွင်းမှာလည်း နာပိုလီကို အနိုင်ရဖို့ မလွယ်ဘူး။ ခြေစွမ်းသာမန်သာရှိတဲ့ ဖရန့်ဖတ်အနေနဲ့ ပုံစံကောင်းရှိနေတဲ့ နာပိုလီကို အမြင့်ဆုံး သရေသာရပြီး နာပိုလီ နောက်တစ်ဆင့်တက်မယ်။



# လိဂ်တစ်လတာအကောင်းဆုံးဆု ရက်ဖို့ဒ် တတိယအကြိမ် ဆွတ်ခူး

မန်ယူအသင်းမှ မားကပ်စ်ရက်ဖို့ဒ်သည် ယခုနှစ်ရာသီတွင် တတိယအကြိမ် မြောက် ပရီမီယာလိဂ် တစ်လတာအကောင်းဆုံးဆွတ်ခူးရရှိခဲ့သည့်အတွက် လီဗာပူး ကစားသမား ဆာလာ၏ တစ်လတာအကောင်းဆုံးဆု သုံးကြိမ်ရရှိသည့် စံချိန်နှင့် တူညီခဲ့သည်။

ဆာလာသည် ၂၀၁၇-၂၀၁၈ ရာသီက တစ်ရာသီတွင်း တစ်လတာအကောင်းဆုံး ကစားသမားဆုကို သုံးကြိမ်ဖြင့် အများဆုံးဆွတ်ခူးကာ မှတ်တမ်းတင်ထားသူ ဖြစ်သည်။ ရက်ဖို့ဒ်သည် ပြီးခဲ့သည့်လက ငါးပွဲတွင် လေးဂိုးသွင်းယူထားနိုင်ပြီး စက်တင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ရက်ဖို့ဒ်အပြင် အသင်းနည်းပြ အဲရစ်တန်ဟက်လည်း တစ်လတာအကောင်းဆုံး နည်းပြဆုကို ဒုတိယကြိမ်မြောက် ရရှိခဲ့ကြောင်း သိရသည်။ ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၂၆ ဂိုးသွင်းယူထားသော အသက် ၂၅ နှစ်အရွယ် ရက်ဖို့ဒ်သည် ၂၀၂၁ ခုနှစ်က ပရီမီယာလိဂ် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ဆွတ်ခူးနိုင်ခဲ့သော ဂန်ဒိုဂန်ပြီးနောက် နှစ်လဆက် ဆွတ်ခူးနိုင်သည့် ပထမဆုံး ကစားသမားဖြစ်လာခဲ့သည်။

ရက်ဖို့ဒ်သည် အဆိုပါဆုကို ကစားသမားဘဝ လေးကြိမ်မြောက်ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် အီဟီယာနာချို၊ လီနို၊ အီမာဆင်၊ ဆိုလိုမွန်နှင့် ဝက်ကင်စ်တို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ဖေဖော်ဝါရီလတွင် လေးပွဲကစားပြီး ၁၀ မှတ်ရရှိအောင် စွမ်းဆောင်ထားနိုင်ကာ အဆင့် (၃) နေရာတွင် ရပ်တည်ထားနိုင်သည်။ ထို့အပြင် စက်တင်ဘာလတွင် အကောင်းဆုံးနည်းပြဆုဆွတ်ခူးရရှိထားသော တန်ဟက်သည် ဆုဖလား မရရှိမှုနှင့် ခြောက်နှစ်နီးပါးကြာ ဝေးကွာနေသည့် မန်ယူအသင်းကို ကာရာဘောင်ဖလားဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။



# အင်ဒီးယန်းဝဲလ်ပြိုင်ပွဲ၌ ကိုဗီနစ်ကို ရာဒူကာနူ အနိုင်ရ

အင်ဒီးယန်းဝဲလ်တင်းနစ်ပြိုင်ပွဲ ၁၂၈ ဦးအဆင့်တွင် ဗြိတိန်နာမည်ကြီး ရာဒူကာနူ မွန်တီနီဂရိုးတင်းနစ်မယ် ကိုဗီနစ်ကို အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် ရာဒူကာနူသည် ပြိုင်ဘက်ကို ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိ ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ နိုင်ပွဲသည် ဇန်နဝါရီလက ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ကိုကိုဂေါ့ဖ်ကို ရှုံးနိမ့်ပြီးနောက် ပထမဆုံးအကြိမ် နိုင်ပွဲရရှိခြင်း ဖြစ်သည်။ အဆင့်သတ်မှတ်ချက် ၇၇ တွင် ရှိသော အသက် ၂၀ အရွယ် ၂၀၂၁ ယူအက်စ်အိုးပင်း ချန်ပီယံ ရာဒူကာနူသည် နောက်ပွဲစဉ်တွင် ပိုလန်တင်းနစ်မယ် မက်ဂ်ဒါ လင်နက်တီနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲနောက်တစ်ဆင့်သို့ ရာဒူကာနူနှင့်အတူ နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ဂျာမနီတင်းနစ်မယ် မာရီယာ၊ ချက်ဇ်တင်းနစ်မယ် ဆီနီယာကိုဗစ်၊ အမေရိကန်တင်းနစ်မယ် ပီရာတို့ တက်လှမ်းနိုင်ခဲ့သည်။

■ မိုးဇက် - စုစည်းသည်

## နောက်ဆုံးရ အားကစားသတင်းတိုများ

- မတ် ၁၁ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့သည့် စီးရီးအေပွဲစဉ် (၂၆) တွင် စပီဇီယာက အင်တာမီလန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။
- နွေရာသီတွင် အသင်းမှ ထွက်ခွာဖွယ်ရှိသော ဗလာဟိုဗစ်၏ နေရာကို အစားထိုးရန်အတွက် ရစ်ချတ်လီဆန်ကို ဂျူဗင်တပ်စ်အသင်း ခေါ်ယူလိုနေသည်။
- ကွန်တီကို ဒုတိယအကြိမ် အသင်းနည်းပြခန့်အပ်ရန် အင်တာမီလန်အသင်း စဉ်းစားနေသည်။
- ဗြိတိန်မှ နော်ရီသည် အင်ဒီးယန်းဝဲလ်ပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် ပြိုင်ဘက်ကို ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်လှမ်းခဲ့သည်။
- အသက် ၂၉ နှစ်အရွယ် တိုက်စစ်ကစားသမား ဟယ်ရီကိန်းသည် နွေရာသီတွင် ခေါ်ယူမည့် မန်ယူ၏ အဓိက ပစ်မှတ်ဖြစ်သည်။

# လိပ်သိုဒေသထွက် ရိုဘတ်စတာကော်ဖီစေ့များ ယခုနှစ်တွင် မကြုံစဖူး ဈေးကောင်းရရှိ

**လိပ်သို မတ် ၁၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုဒေသ၌ စိုက်ပျိုးသော ရိုဘတ်စတာ(Robusta) ကော်ဖီစေ့များ(ဒေသအခေါ် ကော်ဖီအသေးများ) ယခုနှစ်တွင် မကြုံစဖူး ဈေးကောင်းရရှိလာ၍ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် သိုလှောင်ရောင်းဝယ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်က ဒေသထွက် ရိုဘတ်စတာကော်ဖီစေ့များမှာ ဈေးကောင်းမရရှိခဲ့ဘဲ တစ်ပိဿာလျှင် အများဆုံး ကျပ် ၄၅၀၀ အထိသာ ဈေးရရှိခဲ့ပြီး ယခုနှစ်တွင် တစ်ကြိမ်တစ်ခါမျှ မရရှိခဲ့သော ဈေးနှုန်းဖြစ်သည့် ကော်ဖီစေ့တစ်ပိဿာလျှင် ကျပ် ၈၅၀၀ ဈေးအထိ ရရှိလာခြင်းဖြစ်ကာ အာရေဗီးကားကော်ဖီစေ့များကဲ့သို့ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ အထိ ဈေးရရှိရန် တောင်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ရိုဘတ်စတာကော်ဖီစေ့များ ဈေးကောင်းရရှိလာသောကြောင့် ဒေသခံတောင်သူများအနေဖြင့် လာမည့် စိုက်ပျိုးရာသီတွင် ရိုဘတ်စတာနှင့် အာရေဗီးကားကော်ဖီမျိုး နှစ်မျိုးလုံးကို တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိနေပြီး ကော်ဖီပျိုးပင်များ ပျိုးထောင်ခြင်းနှင့် ပျိုးပင်များလုံလောက်စွာ ရရှိရေးအတွက် ကြိုတင်မှာယူမှုများရှိနေပြီး စိုက်ပျိုးရန် ဥယျာဉ်ခြံမြေများကို ခုတ်ထွင် ရှင်းလင်းမှုများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်လေးနွယ် (လိပ်သို)**



ရိုဘတ်စတာကော်ဖီစေ့များ သိုလှောင်ရောင်းဝယ်သည့် လုပ်ငန်းတစ်ခု။

# ပြည်ခရိုင်အတွင်းမှ မြို့နယ်များအတွက် စပါးမျိုးစေ့ချလက်ဆွဲကိရိယာများ ထောက်ပံ့ပေးအပ်

**ပြည် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း မြို့နယ်များအတွက် စပါးမျိုးစေ့ချလက်ဆွဲကိရိယာ (Drum Seeder) များကို မတ် ၇ ရက်က ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်သည်။

ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်ခရိုင်အတွင်း နိုင်ငံစီးပွားမြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေစပါးအပါအဝင် ရာသီအလိုက်သီးနှံများ စိုက်နည်းစနစ်မှန်ကန်စွာ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်မြို့နယ်အတွက် (Drum Seeder) ရှစ်ပေါက်တန်းအလုံး၂၀ နှင့် ၁၁ ပေါက်တန်း ၁၃ လုံး၊ ပေါက်ခေါင်းမြို့နယ်အတွက် ရှစ်ပေါက်တန်း ၁၄ လုံးနှင့် ၁၁ ပေါက်တန်း ကိုးလုံး၊ ရွှေတောင်နှင့် ပန်းတောင်းမြို့နယ်တို့အတွက် ရှစ်ပေါက်တန်း ခြောက်လုံးစီနှင့် ၁၁ ပေါက်တန်း လေးလုံးစီတို့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာမြို့နယ်များမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များထံ ပေးအပ်ခဲ့သည်။ မြို့နယ်များအတွက် စုစုပေါင်း Drum Seeder ၇၆ လုံး ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကာ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၂၄၄၆၀၀၀၀ ဖြစ်ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ပြည်တွင်းပြည်ပဈေးကွက်၌ ဖရဲသီးအဝယ်လိုက်နေ၍ ကသာ၌ ဖရဲသီးများ ဈေးကောင်းရနေ

**ကသာ မတ် ၁၁**

ပြည်တွင်းနှင့် ပြည်ပ တရုတ်နိုင်ငံဈေးကွက်တွင် ဖရဲသီးများ အဝယ်လိုက်နေသဖြင့် ကသာမြို့နယ်မှ ဖရဲစိုက်ပျိုးသည့် တောင်သူများဝင်ငွေတိုးလာသလို တစ်ဆင့်ဖြန့်ချိရောင်းဝယ်သူများလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ်မှ ဖရဲသီး တစ်ဆင့်ဝယ်ယူရောင်းချသူတစ်ဦးက "တရုတ်ပြည်ဘက် ပို့မယ့်သူတွေက ဖရဲခင်းတွေအထိ တိုက်ရိုက်သယ်ယူစနစ်နဲ့ ဖရဲသီး အကြီး အသေးအပေါ် မူတည်ပြီး လိုက်ဝယ်တယ်။ ခြေချင်းလိမ် အဝယ်လိုက်နေတော့ ဈေးမာလာတယ်၊ ကချင်ပြည်နယ်က ဖားကန့်နဲ့ ဆိုင်းတောင်းမြို့တွေကို အဓိကတင်ပို့နေပါတယ်"ဟု ပြောသည်။

ကသာမြို့နယ်အနီးရှိ သဲသောင်ကိုင်းမြေနုကျွန်းများ၌ ရောဝတီမြစ်ရေ မတိုးလာမီ စိုက်ပျိုးထားကြသည့် ဖရဲခင်းများမှ ထွက်ရှိသော ဖရဲသီးများမှာ အရွယ်အစားအပေါ်မူတည်ပြီး တစ်လုံးလျှင် ကျပ် ၂၀၀၀ မှ ၄၀၀၀ ခန့်အထိရရှိကာ အခင်းပြတ်စနစ်ဖြင့် ဝယ်ယူနေခြင်းကြောင့် ဖရဲစိုက်ပျိုးတောင်သူများ ငွေလုံးငွေရင်းရရှိကြပြီး ယခုနှစ် ဖရဲစိုက်ပျိုးသည့် တောင်သူတိုင်း အဆင်ပြေကြကြောင်း သိရသည်။

ကသာမြို့နယ်အတွင်း ဖရဲသီးဝယ်ယူ ဖြန့်ချိသူများအနေဖြင့် ကချင်ပြည်နယ် မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနား၊ ဖားကန့်ဒေသများ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ တင်ပို့ရောင်းချလျက်ရှိသလို တရုတ်နိုင်ငံအထိ တင်ပို့ရောင်းချနိုင်ရေးအတွက် ကားများ စင်းလုံးငှား၍လည်းကောင်း၊ ရေလမ်းမှ ရေယာဉ်များဖြင့်လည်းကောင်း နေ့စဉ်လာရောက်ဝယ်ယူကြလျက်ရှိရာ ဒေသတွင်းမှ ဝယ်ယူစားသုံးသူများအနေဖြင့်လည်း ဈေးကြီးပေး၍ ဝယ်စားနေကြရကြောင်း သိရသည်။

**ငွေအိုးကသာ**



# ပွင့်ဖြူမြို့နယ်၌ တစ်ပိုင်တစ်နိုင် သိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်လျက်ရှိ

**ပွင့်ဖြူ မတ် ၁၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်၍ တစ်ပိုင်တစ်နိုင် သိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်လုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး သိုးသားရောင်းချရာတွင်လည်း ဈေးကောင်းရရှိနေသဖြင့် အဆင်ပြေကြကြောင်း ကံသာကြီးကျေးရွာအုပ်စုရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ တစ်ပိုင်တစ်နိုင် သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းသည် လွတ်ကျောင်းစနစ်ဖြင့် မွေးမြူနိုင်သည့်အတွက် အစာဖိုးကုန်ကျစရိတ်သက်သာပြီး မွေးမြူရာတွင်လည်း ခြံဝင်းများခတ်၍ စနစ်တကျ မွေးမြူနိုင်သဖြင့် အောင်မြင်ဖြစ်ထွန်းကာ သိုး၊ ဆိတ်များသည် တစ်နှစ်လျှင် အနည်းဆုံး နှစ်ကောင်ပေါက်ဖွားလေ့ရှိပြီး အကျိုးဖြစ်ထွန်းပါက လေးကောင်အထိ ပေါက်ဖွားလေ့ရှိကြောင်း သိရသည်။

လယ်ဖီလာကျေးရွာမှ တစ်ပိုင်တစ်နိုင် သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ဒေသခံတောင်သူတစ်ဦးက "သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းက လွတ်ကျောင်းစနစ်နဲ့ မွေးမြူနိုင်တဲ့အတွက် အစာဖိုးကုန်ကျစရိတ်သက်သာပြီး အဆင်ပြေပါတယ်။ ရာသီဥတုအခြေအနေပေါ် မူတည်ပြီးတော့ ရေကြည်ရာ မြက်နုရာဆိုသလိုသိုး၊ဆိတ်ခြံတွေကိုပြောင်းရွှေ့မွေးမြူရပါတယ်။ အဓိကကတော့ သိုး၊ ဆိတ်တွေ အစာရေစာပေါများတဲ့ နေရာတွေကို လွတ်ကျောင်းနိုင်မယ်ဆိုရင် ပိုပြီးအဆင်ပြေတာပေါ့။ သိုး၊ ဆိတ် မွေးမြူရေးဈေးကွက်မှာ သိုးထီးတစ်ကောင်ကို ငွေကျပ်နှစ်သိန်းခန့် ရောင်းချရပြီး အသားဈေးနှုန်းအနေနဲ့ တစ်ပိဿာကို ကျပ် ၁၅၀၀၀ နှုန်းနဲ့ ရောင်းချရပါတယ်။ ဒါ့ကြောင့် တစ်ပိုင်တစ်နိုင် သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းဟာ မိသားစုအပိုဝင်ငွေရရှိပြီး လုပ်ငန်းအဆင်ပြေပါတယ်" ဟု ပြောသည်။



ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဒေသခံတောင်သူများသည် သီးနှံမျိုးစုံကို တစ်နှစ်ပတ်လုံး အောင်မြင်စွာစိုက်ပျိုးနိုင်ပြီး အချို့ကျေးရွာများ၌ စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်ကာ တစ်ပိုင်တစ်နိုင် ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေခြင်းဖြစ်သည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# မိုင်းယုမြို့၌ ဆောင်းသီးနှံငရုတ်များ တစ်ကီလိုလျှင် ကျပ် ၃၀၀၀ ခန့်ရရှိ

**မိုင်းယု မတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့၌ ဒေသခံများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် ဆောင်းသီးနှံ ငရုတ်များ စတင်ခူးဆွတ်ရောင်းချလျက်ရှိရာ ငရုတ်အစပ်သီး တစ်ကီလိုလျှင် ကျပ် ၃၀၀၀ ခန့်ဈေးဖြင့် ရောင်းချနေရကြောင်း သိရသည်။

မိုင်းယုမြို့၌ ဒေသခံတောင်သူများသည် ယာမြေများ၌ ရာသီသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်းနှင့် ဖရုံကို စီးပွားဖြစ် အဓိကထား စိုက်ပျိုးလျက်ရှိပြီး ပဲပုပ်၊ ပဲတောင့်ရှည်၊ မြေပဲ၊ ကြက်သွန်၊ ငရုတ်နှင့် အခြားဟင်းသီးဟင်းရွက်များကို တစ်ပိုင်တစ်နိုင်သာ စိုက်ပျိုးထားကြကြောင်း၊ ပြောင်းနှင့် ဖရုံပြီးလျှင် ဒုတိယအများဆုံး စိုက်ပျိုးသည့်သီးနှံမှာ ငရုတ်ဖြစ်ပြီး မိုင်းယု၌ ငရုတ်အစပ်မျိုးကိုသာ ရွေးချယ်စိုက်ပျိုးလျက်ရှိရာ ယခုလက်ရှိ ပေါက်ဈေးမှာ ငရုတ်အစပ်သီးအစိမ်း တစ်ကီလိုလျှင် ကျပ် ၃၀၀၀ ခန့်အထိ ဈေးရရှိကြောင်း၊ ငရုတ်ကို ငါးရက်ခြားတစ်ခါခူးဆွတ်ရကြောင်း ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

မိုင်းယုမြို့နယ်၌ နှစ်ရှည်စီးပွားဖြစ်သီးနှံများအနေဖြင့် ရော်ဘာ၊ လက်ဖက်၊ ငှက်ပျောနှင့် ကော်ဖီပင်များကိုလည်း စိုက်ပျိုးလျက်ရှိကြပြီး ရော်ဘာနှင့် ငှက်ပျောကို ဧကများစွာ စိုက်ပျိုးလျက်ရှိသော်လည်း လက်ဖက်နှင့် ကော်ဖီပင်များကိုမူ တစ်ပိုင်တစ်နိုင်သာ စိုက်ပျိုးရောင်းချကြကြောင်း သိရသည်။

**ကိုကိုနိုင်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ မတ် ၆ ရက်တွင် ကုန်သေတ္တာခုနစ်လုံးအတွင်းမှ Valid for Prior Arrival(VPA) ၆၁ ရက် ကျော်လွန်သော Wood Grain Filler ၄၈၇ ကီလိုဂရမ်၊ Porcelain Tile ၅၃၅ ဖာ၊ Haiter ၆၇၂ ကီလိုဂရမ်၊ PET Resin ၄၄၀၀၀ ကီလိုဂရမ်၊ Conical Rotor Motor နှစ်လုံးနှင့် သန့်စင်ခန်းသုံးပစ္စည်းများ အပါအဝင် ကုန်ပစ္စည်း ၈၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၇၁၀၆၂၅)ကို လည်းကောင်း၊ မတ် ၇ ရက်တွင် ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ၊ သွင်းကုန်လိုင်စင်တို့နှင့် ကွဲလွဲပါရှိလာသော စက်မှုကုန်ကြမ်းချည်မျှင် ၅၂၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၇၁၇၇၆၀) နှင့် Valid for Prior Arrival(VPA) ၆၁ ရက်ကျော်လွန်သော မီးဖိုချောင်သုံး စတီးဘေစင် အလုံး ၅၀ အပါအဝင် ကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၅၇၅၀၀) ကို လည်းကောင်း၊ မတ် ၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ Valid for Prior Arrival(VPA) ၆၁ ရက်ကျော်လွန်သော Corundum Plastic ၁၄၁၅၀၊ ကီလိုဂရမ်၊ 60W Led Bulb အလုံး ၄၀၃၈၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ယာပုံ) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၂၁၉၇၃၂)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၅၀၅၆၁၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိသော စက်မှုကုန်ကြမ်းအထည်အလိပ်များ ၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၅၇၁၉၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Chenglong Tractor Head တစ်စီး၊ Beiben Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၃၅၇၁၉၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၉ ရက်တွင် ကလေးဝမြို့နယ်အတွင်း၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့




မော်တော်ဆိုင်ကယ်များဖြစ်သည့် Canda 125 တစ်စီး၊ New Anbo တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မတ် ၁၀ ရက်တွင် စစ်ကိုင်းမြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဟုမ္မလင်းမြို့နယ် ခိုပဲဝဆိပ်ကမ်း၌ ဟုမ္မလင်းမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တရားမဝင်ခွဲသား ဝ ဒသမ ၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၉၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးခရိုင် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြိုးဝိုင်းအတွင်း တရားမဝင် ကညင်ခွဲသားနှင့် ဘိုင်ခွဲသား ၄ ဒသမ ၈၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၆၄၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၆ ရက်၊ ၇ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၃၆၃၇၄၅၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ကော့ကရိတ်မြို့နယ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၁**

ကော့ကရိတ်မြို့နယ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် ညနေ ၄ နာရီတွင် ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာအုပ်စု တံတားကျိုးကျေးရွာရှိ တံတားကျိုးပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇော်ဇော်(ခ)မိုးကြိုး မောင်းနှင်ပြီး မနှင်းသီရိဇော်(ခ)မမ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မနှင်းသီရိဇော်(ခ)မမ ၏ လက်ကိုင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် လော်ကားကို ကျေးရွာနေ တားယို၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် မတ် ၁၁

**၁၃၈၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီမှ သိရသည်။**

"ပြည်သူ့ရင်ပြင်မှာ တိုင်းဒေသကြီး ဗဟိုမဏ္ဍပ်နဲ့ တိုင်းအဆင့်ဌာနဆိုင်ရာတွေရဲ့ ရေကစားမဏ္ဍပ်တွေ၊ ဖျော်ဖြေရေးမဏ္ဍပ်တွေ ကျင်းပသွားမယ်။ ဒါ့အပြင် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော်ရဲ့ ဂုဏ်ကို ဖော်ဆောင်နိုင်ဖို့အတွက် အစဉ်အလာနဲ့အညီ မြို့တော်ခန်းမမှာလည်း ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်ထားရှိပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော်ခန်းမရှိ မဟာသင်္ကြန်မဏ္ဍပ်တွင် ရုပ်ရှင်နှင့် ဂီတအနုပညာရှင် ဂီတဖျော်ဖြေမှုများ၊ သဘင်ပညာရှင်များ၏ မြန်မာ့ယဉ်ကျေးမှုအကအလှဖျော်ဖြေတင်ဆက်မှုများအပြင် တက္ကသိုလ်အဆင့်၊ အခြေခံပညာအဆင့်၊ မူကြိုကျောင်းများ၊ ရုံး/အခြားဌာနများ၊ အလွတ်တန်းအဆင့်အလိုက် ၁၂ ဦး၊ ၁၆ ဦး၊ ၂၀ အကပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကဖျော်ဖြေမှုများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်းနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့်လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ အသီးသီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**



၂၀၂၂ ခုနှစ်က ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်မှ ဖျော်ဖြေရေးအစီအစဉ်များ။

## သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

နေပြည်တော် မတ် ၁၁

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ အားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာ ဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နှင့် မိုင်းပန်မြို့တို့၌ လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များ စုစည်း၍ "မြို့ရွာသန့်ရှင်း ရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၃၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဝင်း အတွင်းအပြင်နှင့် ၅၈ လမ်း၊ သံလမ်းဘေးဝဲယာတို့၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှု ရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဂွမြို့နယ် ကျောက်ခေါင်းကွင်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ဂွ မတ် ၁၁

ရခိုင်ပြည်နယ် ဂွမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် စေတီကွင်းကျေးရွာအုပ်စု ကျောက်ခေါင်းကွင်းကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် ဝန်ထမ်းများက နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၁ ဒသမ ၇၆ သန်းဖြင့် စေတီကွင်းကျေးရွာအုပ်စု ကျောက်ခေါင်းကွင်းကျေးရွာတွင် ကျေးရွာကော်မတီမှ ဆောင်ရွက်သည့် (ပေ ၃၀၊ ၂၄ ပေ၊ ၁၀ ပေ) အတိုင်းအတာရှိသည့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို စစ်ဆေးခဲ့ပြီး ကျေးရွာကော်မတီများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ရွှေရည်ဝင်းကျော်(ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဘုန်းမောက်ကို ဖိအားပေးထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ပွဲအပြီးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် လီဗာပူး ရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ် (၂၇) မှ ဘုန်းမောက်နှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် ဘုန်းမောက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်ကို မတ် ၁၁ ရက် ည ၇ နာရီက ဘုန်းမောက်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပွဲကြည့်ပရိသတ် ၁၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ပြီးခဲ့သည့်ပွဲစဉ်တွင် မန်ယူအသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သော ကလော့ပ်၏ လီဗာပူးအသင်းသည် ယခုပွဲစဉ်တွင် ဂယ်ရီအိုနေးလ်၏ ဘုန်းမောက်အသင်းကို ပွဲချိန်အများစု ဖိအားပေးထိန်းချုပ် ကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ်ပိုင်း လိုအပ်ချက်များရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ဘုန်းမောက်အသင်းသည် လီဗာပူးအသင်းဘက်သို့ ပွဲချိန်တစ်လျှောက် ဂိုးကန်သွင်းမှုပေါင်း ငါးကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး နှစ်ကြိမ်ဂိုးပေါက်တည့်ကာ တစ်ကြိမ်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

ပြိုင်ဘက်လီဗာပူးအသင်းက ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်ထက်မနည်း ရှိခဲ့ပြီး ခြောက်ကြိမ် ဂိုးပေါက်တည့်မတ်ခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။ ဘုန်းမောက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၈ မိနစ်တွင် ဘီလင်းက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၇၀ တွင် လီဗာပူးအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း အသင်းအဓိက ကစားသမား ဆာလာ အဆုံးသတ်ကန်သွင်းရာ လွဲချော်ခဲ့သည်။

**အောင်ဇော်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 81W/39673, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ 41 Shwe Mandalar Co.,Ltd. ၃၄ လမ်း၊ ၇၄x၇၅ ကြား၊ ချမ်းအေးသာစံက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 64W/25018, Super Anbo -125, M/C ယာဉ်လက်ဝယ်ရှိသူ Sein Sabai Phyu Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## အကယ်ဒမီရွှေကြို လျှောက်လွှာခေါ်ယူခြင်း

(၂၀၁၉) ခုနှစ်၊ (၂၀၂၀) ခုနှစ်နှင့် (၂၀၂၂) ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အကယ်ဒမီရွှေကြို လျှောက်ထားလိုသူ အမျိုးသား/ အမျိုးသမီးများသည် (၁၃-၃-၂၀၂၃)ရက်မှစ၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် လျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။ ၂၄-၃-၂၀၂၃ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**


ကမ္ဘာ့ရေးရာ အမှတ်(၁၈) GLOBAL AFFAIRS (ဖေဖော်ဝါရီ၊ ၂၀၂၃) ထွက်ပြီ




၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်- ၁၈ တွင်

- တရုတ်-အမေရိကန်ဆက်ဆံရေး နစ်ဖက်မူဝါဒများအပေါ် လေ့လာသုံးသပ်ချက်
- တရုတ်-အမေရိကန်ဆက်ဆံရေး၏ ပစ္စုပ္ပန်နှင့် အနာဂတ်
- ဆွစ်ဇာလန်နိုင်ငံ၏ PR စနစ်နှင့် ညီနိုင်းဖက်ဒရယ်ဒီမိုကရေစီ
- ရေနံလုပ်ငန်းအပေါ် ဩဇာကျဆင်းသွားသည့် အမေရိကန်
- ပုန်ကန်ခံနေရသော နေမဝင်ဒေါ်လာနှင့် ဝင်ရိုးစုံမြင်ကွင်းသစ်
- မြန်မာပြည်နှင့် Cryptocurrency

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ် — စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈


### အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (၉၀၂)၊ ချမ်း/တောင်ရပ်ကွက်နေ (ဘ)ဦးဝင်းစိုး(မိ) ဒေါ်မြင့်မြင့်စန်းတို့၏ သမီး မသော်တာလဝန်းမေအား ယနေ့မှစ၍ ရွှေရုပ်လွှာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**ရွှေရုပ်လွှာအောင်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/8770 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/6118 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ မြေတိုင်းအကွက်အမှတ်(၅)၊ မြောက်ဝွေးဇီးအကွက်၊ ဦးပိုင်အမှတ်(၅၅/ခ)၊ ဧရိယာ ၀ဒသမ ၁၉၁ဧကရှိ ဦးဝင်းကိုကို၊ ဒေါ်သန်းသန်းဌေး အမည်ပေါက် ပိုင်ဆိုင်သော အရှေ့-ဦးပိုင်(၆၁+၆၀+၅၉+၅၅/က)၊ အနောက်-ဦးပိုင်(၅၃/၈+၅၄)၊တောင်-ဗိုလ်မှူးဖိုးကွန်းလမ်း၊ မြောက်-ဦးပိုင်(၆၂) အတွင်းရှိဘိုးဘပိုင်မြေကွက်ကို ဦးဝင်းကိုကို၊ ဒေါ်သန်းသန်းဌေးအမည်မှ ဦးဝင်းကိုကို အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၉-၃-၂၀၂၃ရက်မှ ၇-၄-၂၀၂၃ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့် ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/1668 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/7579 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၆၆) ရပ်ကွက်၊ အင်းဝအိမ်ရာ၊ မြိတ်လမ်းသွယ် (၁)၊ အိမ်အမှတ် (၃၂)နေ မဇင်လင်းလင်းထက် ၁၂/ဒဂတ(နိုင်)၁၁၁၃၀၃ သည် အတူနေမိသားစု၏ ဆိုဆုံးမမှုများကိုမနာခံဘဲ ၃၁-၁၂-၂၀၂၂ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်ပေါ်မှ ဆင်းသွားခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မဇင်လင်းလင်းထက်နေ အိမ်မှဆင်းသွားသည့်ရက်မှစ၍ အတူနေ မိသားစုနှင့် အဆက်အသွယ်ဖြတ်သွားပါသဖြင့် အတူနေမိသားစု၏ အုပ်ထိန်းမှုအောက်တွင် မရှိတော့ပါသောကြောင့် ၎င်းနှင့်ပတ်သက်သော မည်သည့်အကြောင်းအရာကိစ္စမျှ အတူနေမိသားစုနှင့်သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ၎င်း၏ မည်သည့်ကောင်းမွေဆိုးမွေကိစ္စအရပ်ရပ်တို့ကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အတူနေမိသားစု၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမြတ်နောင် (LL.B) (စဉ်-၃၆၄၁၈)**
**အမှတ် ၁၈၅ လမ်း၊ လမ်း ၅၀ အထက်၊ ၇လွှာ(ဝဲ)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၂၀၁၇၃၊ ၀၉-၉၈၃၁၂၃၂၃၉**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မျိုးအောင် ၁၁/မပန(နိုင်)၁၁၈၇၄၉၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးနိုင် ၁၁/မဥန(နိုင်)၁၁၂၆၄၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/1677 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့ပတ်လမ်းသွယ်လမ်း၊ အမှတ် (၂၈၈)၊ ၅-လွှာ (A-5/ခေါင်းရင်းခန်း)ဒါဘာခန်း၊ အကျယ် အဝန်း (၁၂ပေခွဲx၄ပေ၅၀) နယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ဦးထင်လင်းကျော် ၁၂/ကတတ(နိုင်) ၀၂၉၁၇၆မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထား ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ သုံးရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၂၀)**
**အမှတ် ၄၈(၇လွှာ)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၈၄၂၅၇၄၅**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးစောထွန်းနောင် ၈/မကန(နိုင်)၂၂၁၈၂၂ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၁၃၆၆၀၉၆

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

### ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၂၁

ဒေါ်သိန်းသိန်းဆွေ နှင့် ဦးမိုးအေး
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၅/၆၄)လမ်း၊ ၇၀နေ ဦးမိုးအေး (ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဦးမိုးအေး သင့်အပေါ်၌ တရားလို ဒေါ်သိန်းသိန်းဆွေက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် မတ် ၂၂ရက် (၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
တွဲဖက်မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ထုတ်ဆင့်သည့်ကြော်ငြာစာ

မဟာအောင်မြေခရိုင်တရားရုံး
၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၉

ချင်းတွင်းနဂါးဘုရင်မကုမ္ပဏီလီမိတက် လျှောက်ထားသူ
(၎င်းကုမ္ပဏီ၏ကိုယ်စား တာဝန် ပေးအပ်ခြင်းခံရသူ-ဒေါ်အိအိ)

